ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက် စနေနေ့။ Saturday, 16 May 2026 ၁၂၁၈၀




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် မျိုးဆက်သစ်များကို ဆက်လက်အားပေးမွေးထုတ်ပေးသွားကြရမည်

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် မေ ၁၅**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ



**ယနေ့ ဖတ်စရာ**

**နိကာယ်စာမေးပွဲ ကျင်းပမည်**

စာမျက်နှာ » ၂

**မူမှန်ပြက္ခဒိန် ရောင်းချမည်**

စာမျက်နှာ » ၇



**ဝါးကုန်ကြမ်းကို အသုံးပြုလို့ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၆

# ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ရထားပို့ဆောင်ရေးဖြင့်အကျိုးပြု

မြန်မာနိုင်ငံတွင် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးကဏ္ဍ၌ အစောဆုံး၊ အများဆုံး၊ အသက်သာဆုံး သယ်ယူပို့ဆောင်ရေးကဏ္ဍတစ်ခုမှာ ရထားပို့ဆောင်ရေးလုပ်ငန်းဖြစ်သည်။ ရထားပို့ဆောင်ရေးကို ၁၈၇၇ ခုနှစ်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်းကို စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ပြီး အရှေ့တောင်အာရှတွင် အစောဆုံး ရထားပို့ဆောင်ရေးစနစ် အကောင်အထည်ဖော်နိုင်ခဲ့သည်။ နှစ်ပေါင်းတစ်ရာကျော်ကာလအတွင်း ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ယခုအခါ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသည်ကို တွေ့ရသည်။

မြန်မာ့မီးရထားကဏ္ဍတွင် ဇကလမ်း ၃၄၈၃ မိုင်၊ ဒွေးလမ်း ၃၈၅ မိုင် စုစုပေါင်း ရထားလမ်းမိုင် ၃၈၆၈ မိုင်ဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်ထားသည်။ ရထားပို့ဆောင်ရေးသည် ခရီးသွားပြည်သူများအကျိုးကို ဖော်ဆောင်ပေးနိုင်သကဲ့သို့ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးနှင့် နိုင်ငံတော်အတွက်လည်း အကျိုးရှိအောင် ဖော်ဆောင်ပေးနေသည့်လုပ်ငန်းဖြစ်သည်။ ခေတ်နှင့်အညီ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားဘူတာရုံနှင့် စကြံ့များ၊ ရထားလမ်းကူးများ၊ ရထားတံတားများ၊ ရထားစက်ခေါင်းနှင့် တွဲဆိုင်းများအပြင် အခြားဖြစ်နိုင်ဖွယ်ရှိသည်များကို လေ့လာတွက်ချက်၍ စနစ်တကျအဆင့်မြှင့်တင်သွားရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မေ ၁၄ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့မီးရထား စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့ သွားရောက်စစ်ဆေးစဉ် "ရထားပို့ဆောင်ရေးကို ပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် အပြည့်အဝအားကိုး အသုံးပြုနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအရ လောင်စာဆီအခက်အခဲများကို ကြုံတွေ့လျက်ရှိကြောင်း၊ ထိုသို့ ကြုံတွေ့နေရသည့်အချိန်တွင် မိမိတို့အနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံရှိ ရထားလမ်းများအနေဖြင့် သတ်မှတ်အရည်အသွေးများနှင့် အဆင့်မီမှုအားနည်းနေသေးသည်ကို တွေ့ရမည်ဖြစ်သည်။ ရထားလမ်းများ အရည်အသွေးနှင့်အဆင့်မီမှုရှိမှသာ ရထားများကို အဆင့်မြှင့်တင် မြန်နှုန်းမြင့်မောင်းနှင်အသုံးပြုနိုင်မည်ဖြစ်သည်။ ရထားစက်ခေါင်းများ၊ ရထားတွဲများ မည်မျှပင်ကောင်းမွန်သည်ဖြစ်စေ ရထားလမ်းများ ကောင်းမွန်မှုမရှိပါက ရထားသယ်ယူပို့ဆောင်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ရထားလမ်းများ အဆင့်မြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများစွာဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားဘူတာရုံစကြံ့များ၊ ရထားလမ်းကူးများ၊ တံတားများ စသည့်ဖြစ်နိုင်ဖွယ်ရာများကို လေ့လာတွက်ချက်ဆောင်ရွက်လျက်ရှိသည်။ အဓိကကျသည့်ဘူတာရုံများကို ကြိုတင်ပြင်ဆင်ပြီး ကျန်ရှိသည့်ဘူတာရုံငယ်များကို ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားရန်လိုသည်။ ရထားတွဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် စံနှုန်းတစ်ခု သတ်မှတ်သွားရန်လိုပြီး နောင်တွင် ပုဂ္ဂလိကမီးရထားလုပ်ငန်းများ ပေါ်ပေါက်လာပါက ချမှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များနှင့်အညီဖြစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ မီးရထားဝန်ထမ်းများအနေဖြင့် စနစ်တကျဝန်ဆောင်မှုပေးရန်လိုပြီး မီးရထားစီးခရီးသွားများအား စည်းကမ်းစနစ်တကျ လိုက်ပါစီးနင်းစေရေး အသိပညာပေးခြင်း၊ ကြပ်မတ်ထိန်းကျောင်းပေးခြင်း၊ အဆင့်အတန်းရှိစွာစီးနင်းနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

ရထားခေါင်းတွဲများနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း DEMU ခေတ်မီလေအိတ်ရထားများ ဝယ်ယူပြေးဆွဲပေးလျက်ရှိပြီး ဆက်လက်၍ BEL ဘက်ထရီလျှပ်စစ်စက်ခေါင်းနှင့် BEMU ဘက်ထရီလျှပ်စစ်ရထားတွဲများ တည်ဆောက်ထုတ်လုပ်ပြီး ပြေးဆွဲနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီရထားစက်ခေါင်းနှင့်တွဲဆိုင်းများဝယ်ယူခြင်း၊ တည်ဆောက်ခြင်းများပြုလုပ်လျက်ရှိသလို ယခင်ပြေးဆွဲခဲ့သည့် ရှေးဟောင်းရေနွေးငွေ့စက်ခေါင်းများကို ပြန်လည်ပြုပြင်မွမ်းမံထားပြီး ဒီဇယ်စက်ခေါင်းများကိုလည်း အသင့်ပြင်ဆင်ဆောင်ရွက်ထားသည်။ ရထားလုပ်ငန်းကို ခရီးသည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို တစ်ခေတ်ဆန်းသစ်ရာတွင် ရထားစက်ခေါင်းများ၊ တွဲဆိုင်းများ၊ ရထားလမ်းများ၊ တံတားများ၊ စကြံ့ဘူတာများ၊ လူကူးဂိတ်၊ တံတားများမှအစ အစစအရာရာ ပြည့်စုံကောင်းမွန်အောင် ဘက်စုံအဆင့်မြှင့်တင်ပြီး နိုင်ငံတစ်ဝန်း ခရီးသည်နှင့်ကုန်စည်များ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းအဆင့်မြှင့်တင်နိုင်ရေးကိုပါ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နိကာယ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၅**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၆ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၈၈ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်မှ ၁၀ ရက်အထိ (၂၀၂၆ ခုနှစ် ဇွန် ၅ ရက်မှ ၉ ရက်အထိ) ၅ ရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ရာ ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## (၁၅-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၇၁၄,၄၂၁.၆၂ | ၁၀,၀၁၈,၀၀၀.၀၀ | ၆၀,၆၉၅,၆၇၉.၄၇ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၈၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၅,၀၀၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၁၅ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၄,၀၀၀ | ၁၃,၅၀၀ | ၃,၂၀၀ | ၄၄,၀၄၀,၀၀၀ |
| MTSH | ၆,၅၀၀ | ၆,၅၀၀ | ၁၁,၄၁၁ | ၇၄,၁၇၁,၅၀၀ |
| MCB | ၉,၄၀၀ | ၉,၄၀၀ | ၆ | ၅၆,၄၀၀ |
| FPB | ၄,၂၀၀ | ၄,၄၀၀ | ၁,၈၀၈ | ၇,၉၁၇,၁၀၀ |
| TMH | ၃,၂၅၀ | ၃,၃၀၀ | ၁၃ | ၄၂,၈၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၀၄၈ | ၁,၈၃၄,၀၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၀ | ၀ |
| MAEX | ၄,၂၀၀ | ၄,၂၀၀ | ၃၆၉ | ၁,၅၄၉,၈၀၀ |
| MADPL(PLB) | ၄,၀၀၀ | ၄,၀၀၀ | ၁ | ၄,၀၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၁၀၀ | ၃,၈၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

★ မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့်တိုင်းဒေသကြီးတစ်ခု ဖြစ်ကြောင်း၊ အရေးကြီးသီးနှံ ၁၄ မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ် အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလို

★ လက်ရှိ စိုက်ပျိုးနေသည့် စိုက်ကေအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နှစ်စဉ် အမေရိကန် ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ်ရရှိနိုင်မည်

★ ရှေ့ဖုံးမှ

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဒေသဆိုင်ရာအချက်အလက်များ၊ မိုးရေချိန်ရရှိမှုနှင့် မြေအသုံးချမှု၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှ ၂၀၂၄-၂၀၂၅ (၅) နှစ်တာ ကာလအတွင်း လယ်ယာကဏ္ဍဆိုင်ရာ သီးထပ်၊ သီးနှံစိုက်စွမ်းအား တိုးတက်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း အရေးကြီးသီးနှံ(၁၄)မျိုး စိုက်ပျိုးထုတ်လုပ်မှုနှင့် ပန်းတိုင်ရရှိမှု၊ နှစ်အလိုက် ဆန်၊ ဆီ၊ ပဲဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရယူထားရှိမှုနှင့် ပြန်လည်ပေးဆပ်နိုင်မှု၊ ပထမရက် ၁၀၀ အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဒေသတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စက်မှုဇုန်များ တည်ထောင်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများ ဖွဲ့စည်းထားရှိမှု၊ အစိုးရသစ်ပထမရက် (၁၀၀) အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လျာထားမှု၊ နိုင်ငံတော်သမ္မတ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမ၊ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများနှင့် အစိုးရသစ်၏ ပထမရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်သွားမည့် အစီအမံကို အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်စဉ် မိမိတို့လုပ်ငန်းရှင်များ၏ တွေ့ကြုံ နေရမှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ မန္တလေး -မြို့သာ စက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းအနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ချောမွေ့မှန်ကန်လျင်မြန်စွာ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စက်မှုဇုန်များ လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှအကူအညီများရရှိရန် လိုအပ်လျက်ရှိမှု၊ မန္တလေး စက်မှုဇုန်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် အလုပ်အကိုင်များ ဖော်ဆောင်ပေးလျက်ရှိမှု၊ နိုင်ငံတကာ နည်းပညာဖိုရမ်၊ နိုင်ငံတကာစီးပွားရေး ဖိုရမ်များသို့ မန္တလေးစက်မှုဇုန်ရှိ သင့်လျော်သော လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီသည့် ရက်ကန်းစက်များ တင်သွင်းခွင့်ရရှိရေးနှင့် ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်ကကူညီဆောင်ရွက်ပေးစေလိုမှု၊ မန္တလေးစက်ရုံရှိ သံရည်ကျိုလုပ်ငန်းရှင်များ စုဖွဲ့၍ ဆောက်လုပ်ရေးသုံး သံပန်းလုံးများကို လျှင်ဒဏ်ခံနိုင်သော အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ထုတ်လုပ်လျက်ရှိမှုနှင့် သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြရာတွင် စက်မှုဇုန်များအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ပြည်တွင်း စက်မှုလုပ်ငန်းရှင်များအား နိုင်ငံတကာနည်းပညာဖိုရမ်များနှင့် စီးပွားရေးဖိုရမ်များသို့ စေလွှတ်ပေးလျက်ရှိမှုနှင့် ပိုမိုစေလွှတ်ပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံနှင့်သံမဏိများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သစ်နှင့် ဝါးထုတ်ကုန် ပစ္စည်းများအား အဆင့်မြင့် ထုတ်ကုန်များအဖြစ်ထုတ်လုပ်နိုင်မှု၊ လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် မီးခိုးမြူငွေ့လျှော့ပါးပပျောက်ရေး လုပ်ငန်းစဉ်များနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်များတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုမှု၊ မန္တလေးတိုင်းဒေသကြီး အတွင်း သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မတည်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ သွင်းအားစုနှင့်နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်များနှင့်မျိုးစေ့များ ရရှိရေးနှင့် အခြားလိုအပ်ချက်များကိုနိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အနေဖြင့် ပို့ဆောင်ရေးကဏ္ဍအဆင့်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည့် Public Transportation စနစ်တစ်ခုဖြစ်သည့် ရထား သယ်ယူပို့ဆောင်ရေးစနစ်အား ပိုမိုတိုးတက်ကောင်းမွန်စေရေး အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပြီး Digitalization ကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီး နောက်ပိုင်း ပြည်သူလူထုနှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ မန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ စီးပွားရေးမြို့၊ စက်မှုမြို့ဖြစ်သကဲ့သို့ ရှေးဟောင်းအမွေအနှစ်များဖြင့် ပြည့်ဝနေသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း မိမိတို့နိုင်ငံ၏နှစ်သစ်ကူးပွဲတော်ဖြစ်သည့် အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပီပီပြင်ပြင်ဖြင့် ဖော်ပြနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သဖြင့် မန္တလေးမြို့ရှိ ပြည်သူများအားလုံးကို ဂုဏ်ပြုကျေးဇူးတင်ရှိကြောင်း။

မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့်တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ အရေးကြီးသီးနှံ ၁၄ မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ် အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအရ ကမ္ဘာ့နိုင်ငံတိုင်းတွင် လောင်စာဆီအခက်အခဲများ ကြုံတွေ့နေရမှုနှင့် အတူ မိမိတို့နိုင်ငံသည်လည်း ခံစားရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး (Public Transportation) ကို ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries) များကို အားပေးမြှင့်တင်**

မန္တလေးတိုင်းဒေသကြီး အတွင်း ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် ပန်းတိုင်ရည်မှန်းချက်သီးနှံ ၁၀ မျိုးတွင် နှစ်စဉ် မြန်မာကျပ်ငွေ ၃၇၆၅ ဘီလီယံခန့် လျော့နည်းနစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ထိခိုက်နစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ လက်ရှိစိုက်ပျိုးနေသည့် စိုက်ကေအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ်ရရှိနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအများအပြား၌ပင် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည်ပင်လျှင်

စာမျက်နှာ ၄ သို့ ★

# မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင် ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်

★ စာမျက်နှာ ၃ မှ

စိုက်ပျိုးရေးထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ အများအပြားတင်ပို့နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries)၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်**

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တွင် အတန်းပညာမြင့်မားပြီး အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာရရှိရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးကို ကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်တွင် အားနည်းလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာ ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ အတန်းပညာမှတစ်ဆင့် အတတ်ပညာ၊ အသိပညာများကို ပိုမိုပြည့်စုံအောင် ဖော်ဆောင်ပေးနိုင်မည် ဖြစ်သဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထားဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ ပိုမိုပေါ်ထွက်လာစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုနည်းပညာဘာသာရပ်များကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းတို့တွင် သင်ကြားပေးလျက်ရှိကြောင်း၊ အနာဂတ် နိုင်ငံတော်ကို ဦးဆောင်ကြမည့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်လူရွယ်များကို ဆက်လက်အားပေးမွေးထုတ်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများမှထွက်ရှိသည့် စားသောက်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း အသား၊ ငါး ဈေးနှုန်းများ ကြီးမြင့်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်း စားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။

**နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာသည့် လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြရန် ကြိုးပမ်းဆောင်ရွက်**

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၄-၂၀၂၅ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၆၉ နှစ်ဖြစ်သဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်း ကျန်းမာရေးကောင်းမွန်ရန်လိုကြောင်း၊ လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကောင်းမွန်ရန်အတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နေထိုင်စားသောက်မှု၊ ပညာသင်ကြားမှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပညာရေးအားကောင်းမွန်လာခြင်းနှင့်အတူ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာသည့် လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် ဝါစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါကိုစိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီးသည် ဒုတိယအများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းများ တိုးတက်လာစေရေးအတွက်လည်း တာဝန်ရှိသူများနှင့်

**❖ ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်**

**❖ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်**

စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝါမှချည်နှင့် ချည်ထည်များကို ထုတ်လုပ်နိုင်သကဲ့သို့ ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်မှ တိရစ္ဆာန်အစာများကို ထုတ်လုပ်နိုင်ကြောင်း၊ ဝါဖန်စက်များကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး အောင်မြင်ပြီးပါက ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများ မန္တလေးတိုင်းဒေသကြီးအတွင်း တိုးတက်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ထုတ်ကုန်ပစ္စည်းများ အနေဖြင့် ဈေးကွက်ရရှိရန် လိုအပ်မည်ဖြစ်ပြီး ရောင်းကုန် ပစ္စည်းများလည်းဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် စီးပွားရေးအသိအမြင်များ ရှိရန်လည်း မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ စီးပွားရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးလျက်ရှိနေခြင်းဖြစ်ကြောင်း၊ "ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်" ဖြစ်ပြီး ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက် ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စုပေါင်းဆောင်ရွက်သည့်စနစ် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းတွင် အားနည်းသူများစုပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်လာပြီး ဝင်ငွေများ ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိနေကြကြောင်း။

လာမည့် ဇွန် ၁ ရက် ဆိုပါက ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခုလ ၂၅ ရက်မှစ၍ ကျောင်းအပ်နှံရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

**စိမ်းလန်းစိုပြည်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး**

ရေရရှိရေးနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ရေဖူလုံစွာရရှိရေးရှိပြီးဖြစ်သည့် အရင်းအမြစ်များကို အကျိုးရှိအောင်အသုံးချ၍ ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ရာသီဥတုပူပြင်းလာခြင်းကို မိမိတို့အနေဖြင့် ပြောင်းလဲ၍ မရနိုင်သော်လည်း သက်သာအောင် ဆောင်ရွက်နိုင်ကြောင်း၊ ရပ်ရွာများ၊ မြို့များအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ/ယာတစ်လျှောက် စနစ်တကျဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပူပြင်းသည့်ရာသီဥတုကို တွန်းလှန်နိုင်မည်ဖြစ်သကဲ့သို့ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတသည့် ရာသီဥတုရရှိစေနိုင်မည် ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကို မြင်တွေ့ရခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ရာသီဥတုကို ရရှိစေခြင်းတို့ဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး လူများ၏ စိတ်နှလုံးကို အေးမြစေသည့် အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ကာ ဒေသသို့ လာရောက် လည်ပတ်သူများလည်း များပြားလာစေမည်ဖြစ်ကြောင်း၊ "အိမ်သာလျှင် ဧည့်လာမည်"ဟူသည့်အတိုင်း မိမိတို့ဒေသ သာယာလှပရေး၊ ဒေသ၏ ရိုးရာအမွေအနှစ်များ၊ ရိုးရာအဝတ်အစားနှင့် အစားအသောက်များ ကောင်းမွန်စေရေး၊ ဝန်ဆောင်မှုကောင်း ပေးနိုင်ရေးတို့ကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ခရီးသွားများ ဝင်ရောက်ခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး အနေဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက် စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အဝတ်အထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

## ဥပဒေပြုဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက အကြံပြုတင်ပြစေလိုကြောင်း ပြောကြား

**မကွေး မေ ၁၅**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည်မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ငွေးတို့နှင့်အတူ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့တက်ရောက်လာကြသည့် မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံတော်၏ ဒုတိယစာမျက်နှာကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ နိုင်ငံရေးပါတီများဖြင့် အတူတကွ ဖွင့်လှစ် လက်တွဲလျှောက်လှမ်းနိုင်ရေးနှင့် မိမိတို့ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်က ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များရှိပါက လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပကြရပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်(၃)ရပ် ပေါ်ပေါက်လာပါကြောင်း၊ အဆိုပါ မဏ္ဍိုင်(၃)ရပ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းချက်တူညီစွာဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူကို ကိုယ်စားပြုပြီး မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏လိုလားချက်များကို လွှတ်တော်အတွင်းမှ ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အခက်အခဲနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း အကြံပြုတင်ပြပေးစေလိုကြောင်း။

လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်ကို အဓိကဆောင်ရွက်ရသည့် အားလျော်စွာ ပြည်သူများ အေးချမ်းလုံခြုံစွာဖြင့် ဥပဒေ၏ အကာအကွယ် အောက်တွင် နေထိုင်နိုင်စေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချို့သော တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး တည်ဆဲဥပဒေများကိုလည်း ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများ၊ ပြည်သူကို လုံခြုံမှုပေးနိုင်သည့် ဥပဒေများ၊ တရားဥပဒေစိုးမိုးရေးကို အားကောင်းစေသည့် ဥပဒေများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လတ်တလော အနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို လာမည့် လွှတ်တော်များအတွင်း ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်သင့်သည်များ သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအနေဖြင့် ဒေသတွင်း အလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် မိမိတို့လွှတ်တော်က ဥပဒေပြုဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက အကြံပြုတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကူအညီပေးရေး ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တင်ပြချက်များကို မှတ်တမ်းတင် ထားရှိပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

# နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို စိတ်ဝင်စားသူများအတွက် မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီပုံရိပ်များ စာအုပ်မိတ်ဆက်

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ အလုပ်အမှုဆောင် အငြိမ်းစား သံအမတ်ကြီး ဦးထင်လင်း ကလောင်အမည် ကိုကိုချို (ချောက်)ရေးသားသည့် မြန်မာ သံတမန်တစ်ဦး၏ ဒီပလိုမေစီ ပုံရိပ်များ စာအုပ်မိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်သံတမန်လမ်းရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ရုံး၌ ကျင်းပသည်။



အဆိုပါစာအုပ်တွင် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်ဆိုသည်မှာ၊ ဘဝသစ်အတွက် လေ့စီးသွားလာသူများ၊ ကျွန်တော်နှင့် ဘရူနိုင်းပြည်သူများ၊ Multilateral Diplomacy ဟု ဆိုရာတွင်၊ Conference Diplomacy နှင့် Multilateral Diplomacy တို့ ဆုံစည်းရာ၊ Mediation အကြောင်း တစေ့တစောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် စသည့် ဆောင်းပါးများအပြင် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်ပတ်လည် မဂ္ဂဇင်းနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သည့် ဆောင်းပါးများ ပါဝင်သည်။

ယင်းစာအုပ်ကို စာပေလောက ပုံနှိပ်တိုက်တွင် ပုံနှိပ်ကာ ပြုံးသမီး စာပေမှထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် စာပေလောကနှင့် အခြားစာအုပ်ဆိုင်များ (သို့မဟုတ်) ဖုန်း ၀၉-၄၂၀၂၂၂၈၈၃ (Viber) သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

စာအုပ်မိတ်ဆက်ပွဲတွင် စာအုပ်မိတ်ဆက်ခြင်းနှင့်အတူ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၌ အဖွဲ့၏ လုပ်ငန်း ဆောင်တာများ အကြောင်း ဟောပြောမိတ်ဆက်ခဲ့ကာ သတင်းမီဒီယာလောကမှ ပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များ၊ တက္ကသိုလ်မှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အခြား ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ကလောမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကလော မေ ၁၅**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူသည် တာဝန်ရှိသူများနှင့်အတူ မေ ၁၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ကလောမြို့အတွင်း သောက်သုံးရေဖြန့်ဝေပေးနေသည့် ရေအေးကန်ဆည် တမံကြံ့ခိုင်မှုနှင့် ပေးဝေမှု၊ မောမြေဦးပန်းခြံအတွင်း ပြည်သူများ အပန်းဖြေလာရောက် အနားယူကြသည့် ကလေးကစားကွင်း၊ စာကြည့်တိုက်၊ ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ရန် အားကစားပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ကလောဘူတာအနီး ခရီးသွားများအမှတ်တရဓာတ်ပုံရိုက်ကူးကြသည့် We Love Kalaw ဆိုင်းဘုတ်နှင့်လျှောက်လမ်းများ၊ ကလောချောင်း ရေစီးရေလာကောင်းမွန်ခြင်း ရှိ၊ မရှိ ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် အင်းပြင်ကျေးရွာရှိ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသည့် ရေထွက်များ၊ အောင်ပန်းမြို့ပန်းခြံနှင့် ဟဲဟိုးမြို့ အင်းခေါင်းဆည်မှဟဲဟိုးမြို့ပေါ် သောက်သုံးရေရရှိရေးအတွက် ဆက်လက်လုပ်ဆောင်ရမည့် အခြေအနေများကို ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေး

**မုံရွာ မေ ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းနှင့်ဝန်ထမ်းများသည် မုံရွာမြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ် တစ်ကြိမ်တစ်ခါမျှ လျှောက်ထားကိုင်ဆောင်မှု မရှိသေးသူများအား မြို့နယ်ရုံးသို့ ဖိတ်ခေါ်ကာ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ စီမံချက်ကာလ စတင်သည့်နေ့မှ ယနေ့အထိ အသက်(၁၀)ပြည့် နိုင်-၃(က) ၃၁၈ ဦး၊ အသက်(၁၈)နှစ်ပြည့် နိုင်-၆(က) ၂၄၅ ဦးနှင့် UID ကတ်ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ဝါးကုန်ကြမ်းကို အသုံးပြုလို့ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ကြပါစို့

ထက်လျှံ

**“မောင်ရင်ငယ်သွေး ဟင်းစားပေး၍၊ အစ်ကိုလတ်ကား နီးနွယ်တတ်ကာ အစ်ကိုကြီးကား အိမ်ရာပေး၏” ဆိုတဲ့ ဝါးပင်ရဲ့အသုံးဝင်ပုံအမျိုးမျိုးကို ဖွဲ့ဆိုထားတဲ့ မြန်မာ့ဆိုရိုးစကားက ယနေ့နည်းပညာခေတ်မှာ ပိုမိုသက်ဝင်မှန်ကန်လာတာကို တွေ့ရပါတယ်။**



ဝါးပင်လို့ပြောလိုက်ရင် ငယ်စဉ်မူလတန်းကျောင်းသားဘဝက ရင်းနှီးဖူးတဲ့ “စိမ်းလဲ့ငယ်တဲ့ ညိုရောင်၊ ပင်ဝါးရုံလေယူတိမ်းတယ်၊ ယိမ်းနွဲ့ မြောက်တောင်” စသဖြင့် “ပင်ဝါးရုံ”ကဗျာက စိမ်းညို့နေတဲ့ တောတောင်ကြီးတွေကြားမှာ ပင်ဝါးရုံတွေက လေယူရာယိမ်းနွဲ့နေသလို ခရီးတစ်ထောက်နားတွန်ကျူးနေတဲ့ ဥဒေါင်းငှက်ကလေးတွေရဲ့ ချိုသာတဲ့တွန်ကျူးသံနဲ့ လိုက်ဖက်ပဏာရနေပုံကို တွေးမိပြီး စိတ်မှာအေးချမ်းရပါတယ်။

**သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်**

သဘာဝဝါးရုံတွေက မြေဆီလွှာကိုကောင်းမွန်စေပြီး ရေတိုက်စားမှုကို ကာကွယ်နိုင်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူထားနိုင်မှုမြင့်မားတဲ့အတွက် လေထုကိုသန့်စင်စေပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်စေပါတယ်။ ဝါးပင်က လေကောင်းလေသန့်ရစေပြီး ဝါးရွက်တွေက သဘာဝမြေဩဇာအဖြစ် မြေဆီအာဟာရဓာတ်ကို ဖြည့်ဆည်းပေးနိုင်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုစေနိုင်ပါတယ်။

ဝါးပင်က မြန်မာ့ကျေးလက်ဒေသရဲ့ရိုးသားတဲ့ အလှတရားကို ကိုယ်စားပြုသလို လေတိုက်လိုက်တိုင်း ဝါးရွက်တို့လှုပ်ခတ်သံက ကျေးလက်တောရွာရဲ့ သဘာဝဂီတသံပဲဖြစ်ပါတယ်။ တကယ်တော့ ပင်ဝါးရုံက သဘာဝအလှအပကိုသာ ဖန်တီးပေးတာမဟုတ်ပါဘူး။ အရောင်အသွေးမစုံပေမယ့် စိမ်းစိုတဲ့ ရိုးရှင်းမှုရှိပြီး မားမားမတ်မတ်ထိုးထွက်နေတဲ့သန်မာတဲ့ ပင်စည်တွေက နေ့စဉ်လူမှုဘဝအတွက် အသုံးအဆောင်ပစ္စည်းတွေကို ဖြည့်ဆည်းပေးနေပါတယ်။

ဝါးလုံးအဖြစ်ပဲ သုံးမလား၊ မျှစ်အဖြစ် ဟင်းလျာအနေနဲ့စားသုံးမလား၊ လေကာပင်အနေနဲ့ပဲ စိုက်မလား၊ ခြံစည်းရိုးအဖြစ်နဲ့ပဲ လှလှပပလေး ကာရံမလား စသဖြင့် ဝါးကို အများစုသိထားကြတာ လူကြိုက်များတဲ့ မျှစ်ရရှိရာ၊ အဝတ်လှန်းတဲ့တန်း၊ ငြမ်းနဲ့ တစ်ခုခုထောက်ကန်စရာ အကြမ်းသုံးအဖြစ်၊ ဒီထက်ပိုလာရင် ဆန်ကော၊ ဆန်ခါ၊ ခြင်းတောင်း၊ ဝါးကုလားထိုင်၊ တဲ၊ ခြံစည်းရိုးအကာအရံ၊ ကလေးကစားစရာ၊ တီးမှုတ်စရာ ပလွေ၊ ဝါးလက်ခုပ် စသဖြင့် အတွက်သာ အသုံးများတယ်လို့ သိကြပါတယ်။

ပြည်တွင်းဖြစ် သဘာဝဝါးပင်တွေကနေ စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်၊ အိမ်သုံးအဖြစ် ဝါးတူတွေသာမက အကင်တုတ်၊ ရေခဲချောင်းတုတ်တွေကိုလည်း ထုတ်လုပ်ရရှိနိုင်ပါတယ်။

**မျှစ်ကြော်၊ ဝက်မျှစ်ချဉ်၊ ကြက်မျှစ်ချဉ် စတဲ့ ဟင်းလျာတွေကလည်း မြန်မာလူမျိုးအများစု ကြိုက်နှစ်သက်ကြပြီး မိသားစုထမင်းဝိုင်းမှာ မကြာခဏပါလေ့ရှိတဲ့ ဟင်းလျာတွေဖြစ်ပါတယ်။ မျှစ်ကို မျှစ်ချိုကင်စွန်းဝါးမျိုးကနေ ထုတ်လုပ်နိုင်ပြီး အားသာချက်အနေနဲ့ အချို၊ အစိမ့်အရသာ ပိုမိုပေးစွမ်းနိုင်ပါတယ်။ ရေခံမြေခံကောင်းရင် စိုက်ပျိုးပြီး ခြောက်လအကြာမှာ မျှစ်စို့တွေ စတင်ထွက်လာပြီး မျှစ်ထွက်အားလည်း ကောင်းတဲ့အတွက် နေ့စဉ်ဝင်ငွေရရှိနိုင်တယ်လို့ သိရပါတယ်။**

**နေထိုင်ဖို့ အိမ်ဆောက်ရာမှာလည်း မပါမဖြစ်တဲ့ဝါး**

ဝါးပင်က လူသားတို့အတွက် စားဝတ်နေရေး အထောက်အကူပြုစေရုံသာမက နေထိုင်ဖို့ အိမ်ဆောက်ရာမှာလည်း မပါမဖြစ်လို့ဆိုရမှာပါ။ ငြမ်းဝါး၊ ဝါးထရံ၊ ဝါးကြမ်းခင်းတွေ ဖန်တီးပေးနိုင်ပါတယ်။ နည်းပညာတိုးတက်လာတာနဲ့အမျှ အရည်အသွေးမီ ဝါးလက်မှုပစ္စည်းတွေ၊ ဝါးပါကေး၊ ဝါးအထပ်သား၊ ဝါးဖျာတွေ ထုတ်လုပ်နိုင်ပါတယ်။

နေပြည်တော် ဇေယျာသီရိမြို့နယ် မဟာမြိုင်တောရ သဲဖြူကျောင်းတိုက်က ဓမ္မာရုံကြီးကို ဝါးတွေနဲ့ တည်ဆောက်ထားပြီး ဘုန်းတော်ကြီးတွေ၊ သာသနာ့နွယ်ဝင်သီလရှင်တွေ၊ ယောဂီပေါင်း တစ်ထောင်ကျော် တရားအားထုတ်နိုင်ပါတယ်။ ဝါးတွေနဲ့ ရက်လုပ်တည်ဆောက်ထားတဲ့အတွက် သဘာဝရဲ့အေးချမ်းမှုနဲ့ ရိုးရှင်းမှုကို ဖော်ဆောင်နေသလို စိတ်အေးချမ်းမှုကို ပေးစွမ်းနိုင်ပါတယ်။ ဒါ့အပြင် မြတ်စွာဘုရားရှင် ဆင်းတုတော်တွေကို ဝါးတွေနဲ့ ပုံဖော်ရက်လုပ်ထားတဲ့အတွက် ဖူးမြော်ရသူတို့အဖို့ ရင်သပ်ရှုမောဖွယ် ဖြစ်ရပါတယ်။

ဒီလိုအဆောက်အအုံတွေသာမက ဝါးကနေ ဝါးမီးသွေးဆပ်ပြာ၊ ဝါးမီးသွေးနဲ့ထုတ်လုပ်တဲ့ သွားတိုက်ဆေး၊ ဝါးပေါင်းခံရည်ကနေ ခေါင်းလျှော်ရည်၊ ဝါးအချဉ်ရည်ကနေ ဆေးဝါး၊ Mask၊ ဝါးအလှကုန်ပစ္စည်း စသဖြင့် လူသုံးကုန်ပစ္စည်းတွေလည်း ထုတ်လုပ်နိုင်ပါတယ်။ ဒါ့အပြင် ဝါးမျှင်၊ ဝါးချည်ထည်၊ ဝါးသက်န်း အစရှိတဲ့ အဝတ်အထည်တွေကိုလည်း ထုတ်လုပ်ပေးပါတယ်။ ဝါးမျှင် (Bamboo Fiber) ကိုထုတ်ယူပြီး အထည်ချည်အဖြစ်ပြောင်းလဲကာ အဝတ်အစားတွေ၊ လက်သုတ်ပဝါ၊ ခြေအိတ်၊ အိပ်ရာခင်းတွေ ထုတ်လုပ်နိုင်ပါတယ်။

ယနေ့ခေတ်မှာ ဝါးချည်ထည်က ကမ္ဘာတစ်ဝန်း အသုံးများလာကြပါတယ်။ နူးညံ့ပြီး ဝတ်ဆင်ရလွယ်ကူတယ်။ ချွေးစုပ်ယူမှုကောင်းတဲ့အတွက် ပူတဲ့ရာသီဥတုနဲ့ကိုက်ညီပြီး လေဝင်လေထွက်ကောင်းတယ်။ သဘာဝပစ္စည်းဖြစ်တဲ့အတွက် ကျန်းမာရေးနဲ့သင့်လျော်တဲ့ အားသာချက်တွေရှိတယ်လို့ သိရပါတယ်။

**အမျိုးမျိုးအသုံးပြုနိုင်**

ဝါးကို လူသားတွေအတွက် ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အစားအစာအတွက်၊ လက်မှုပစ္စည်းတွေအတွက် အမျိုးမျိုးအသုံးပြုနိုင်တဲ့ သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်း သယံဇာတတစ်မျိုးဖြစ်ပါတယ်။

မြန်မာနိုင်ငံက ဝါးသယံဇာတကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ အာရှနဲ့ အရှေ့တောင်အာရှဒေသမှာ တရုတ်နဲ့အိန္ဒိယပြီးရင်တတိယဝါးသယံဇာတပေါများတဲ့ နိုင်ငံဖြစ်ပါတယ်။ ဝါးက မိုးရွာသွန်းမှု၊ အပူချိန်၊ ပင်လယ်ရေမျက်နှာပြင်အထက်မှ အမြင့်ပေနဲ့ မြေဆီလွှာတို့အပေါ်မူတည်ပြီး ပေါက်ရောက်ရှင်သန်နိုင်ပါတယ်။ များသောအားဖြင့် မိုးရေချိန် ၄၇ လက်မကနေ ၁၅၇ လက်မအတွင်းရရှိတဲ့ ဒေသတွေမှာသဘာဝအလျောက် ဝါးပေါက်ရောက်လေ့ရှိပါတယ်။

ဝါးပေါက်ရောက်မှုကောင်းတဲ့ မြေအမျိုးအစားက အချဉ်ဓာတ်အနည်းငယ်ရှိပြီး သဲဆန်တဲ့ နုန်းမြေအမျိုးအစားဖြစ်ပါတယ်။ ဝါးပေါက်ရောက်ပုံကို လေ့လာကြည့်ရင် သစ်တောသစ်ပင်တွေအောက်မှာ အောက်ခံပင်တွေအဖြစ် ပေါက်ရောက်တတ်ကြပြီး ရွက်ပြတ်ရောနှောတောတွေမှာ ကြသောင်း၊ မျှင်၊ တင်း၊ ဝါးဖြူတို့က ကျွန်းပင်တွေနဲ့ ရောနှော ပေါက်ရောက်ကြပါတယ်။

ဝါးရုံတစ်ရုံမှာ တစ်နှစ်သားကို ဝါးနု၊ နှစ်နှစ်သားကို တညင်ဝါး၊ သုံးနှစ်သားနဲ့အထက်ကို ဝါးရင့်လို့ သက်တမ်းပေါ်မူတည်ပြီး ခေါ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာ မှတ်သုံးရာသီ မိုးဦးအစ မေလနဲ့ ဇွန်လတွေ မိခင်ဝါးရုံပင်က မြေအောက်ပင်စည် အမြစ်ဆုံကနေ ဝါးပင်သစ်ဖြစ်ပေါ်စေမယ့် မျှစ်အဖြစ် ထိုးထွက်လာပြီး ဝါးပင်သစ်တစ်ပင်အဖြစ် ပွားများပါတယ်။

နှစ်စဉ်ပွားလာတဲ့ ဝါးပင်အသစ်တွေက မိခင်ဝါးပင်ရဲ့ ဘေးပတ်လည်ကနေ ထွက်ပေါ်လာတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် ဝါးပင်တွေပွားများလာပြီး ဝါးရုံတစ်ရုံအဖြစ်ဘေးဘက်ကိုရှင်သန်ကြီးထွားလာပါတယ်။ ဝါးရုံတစ်ရုံမှာ သက်တမ်းနုတဲ့ ဝါးတွေက ဘေးအပြင်ဘက်ဆုံးမှာရှိနေပြီး သက်တမ်းရင့်တဲ့ ဝါးတွေက အတွင်းဘက်မှာ ရှိနေတတ်ပါတယ်။

> **မျှင်ဝါး၊ ထီးရိုးဝါး၊ ခရင်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး စတဲ့ဝါးမျိုးတွေကနေ စက္ကူပျော့ဖတ် ထုတ်လုပ်နိုင်ပါတယ်။ ဝါးဟာ စားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သလို စက်မှုကုန်ကြမ်းဖြစ်တဲ့ ပျော့ဖတ်၊ ဝါးချည်မျှင် စတာတွေကိုပါ ထုတ်လုပ်နိုင်ပါတယ်**

**မြန်မာနိုင်ငံမှာ ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပျံ့နှံ့ပေါက်ရောက်**

ကမ္ဘာပေါ်မှာ ဝါးမျိုးစု ၇၅ မျိုးနဲ့ ဝါးမျိုးစိတ် ၁၂၅၀ ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဝါးမျိုးစု ၂၀ မျိုးနဲ့ ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပျံ့နှံ့ပေါက်ရောက်လျက်ရှိပြီး ကြခတ်ဝါး၊ တပင်တိုင်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး၊ ဝါးနက်၊ တင်းဝါး၊ ကလွေဝါး၊ ကြလိုဝါး၊ ဝါးကြီး၊ ဝါးပိုး၊ ဝါးပိုးမျက်ဆန်ကျယ်၊ ဝါးနီ၊ မျှင်ဝါး၊ ဝါးနွယ်၊ ဝါးယား၊ ကရင်ဝါး၊ သနပ်ဝါး၊ ထီးရိုးဝါး စတဲ့ ဝါးမျိုးစိတ် ၁၈ မျိုးက စီးပွားရေးအတွက် အသုံးဝင်အကျိုးဖြစ်ထွန်းနိုင်ကြောင်း မှတ်တမ်းများက ဆိုပါတယ်။

ကြခတ်ဝါးကို မျှစ်၊ တိရစ္ဆာန်အစားအစာ၊ ဝါးလက်မှုပစ္စည်း၊ ဝါးဖတ်ထုတ်ကုန်၊ ဝါးတန်ဖိုးမြှင့်စက်မှုထုတ်ကုန်၊ ဝါးအဆောက်အအုံဆောက်လုပ်ရာမှာသုံးစွဲကြပါတယ်။ မျှင်ဝါးကို အဆောက်အအုံငြမ်းဆင်တာ၊ အိမ်သုံးပစ္စည်း၊ ဝါးပရိဘောဂတွေအတွက်သုံးကြသလို ထီးရိုးဝါးကို ဝါးလက်မှုပစ္စည်း၊ ခြံစည်းရိုး၊ လေကာတန်း၊ ငါးမျှားတံ၊ ထီးရိုးလက်ကိုင်အဖြစ် သုံးကြပါတယ်။ တင်းဝါးကို ဝါးလက်မှုပစ္စည်း၊ ကောက်ညှင်းကျည်တောက် စသဖြင့် သူ့နေရာနဲ့သူ သုံးစွဲလေ့ရှိပါတယ်။

**မျှင်ဝါး၊ ထီးရိုးဝါး၊ ခရင်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး စတဲ့ ဝါးမျိုးတွေကနေ စက္ကူပျော့ဖတ် ထုတ်လုပ်နိုင်ပါတယ်။ ဝါးဟာ စားဝတ်နေရေး အတွက် အခြေခံလိုအပ်ချက်ဖြစ်သလို စက်မှုကုန်ကြမ်းဖြစ်တဲ့ ပျော့ဖတ်၊ ဝါးချည်မျှင် စတာတွေကိုပါ ထုတ်လုပ်နိုင်ပါတယ်။**

၂၀၀၅ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်း သဘာဝတောတွေမှာ ဝါးပေါက်ရောက်တဲ့ ဧရိယာ ဧကသန်း ၇၀ ဝန်းကျင်ရှိပြီး အရုံလိုက်ပေါက်တဲ့ ဝါးမျိုးဧက ၅၁ သန်းခန့်နဲ့ တစ်ပင်ချင်းပေါက်တဲ့ ဝါးမျိုးဧက ၁၈ သန်းခန့် ရှိပါတယ်။

**စီးပွားဖြစ်ဝါးထုတ်ယူနိုင်တဲ့ဒေသ**

သဘာဝတောကနေ စီးပွားဖြစ်ဝါးထုတ်ယူနိုင်တဲ့ဒေသအဖြစ် ပဲခူးရိုးမ၊ ရခိုင်ရိုးမနဲ့ တနင်္သာရီဒေသစတဲ့ နေရာသုံးခုကို သတ်မှတ်ထားပါတယ်။ အများစုက အရုံလိုက်ပေါက်ရောက်တတ်တဲ့ အပူပိုင်းဝါးမျိုးတွေဖြစ်ပြီး ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာ တစ်ပင်ချင်းပေါက်တဲ့ သမပိုင်းဝါးမျိုးတွေ အနည်းငယ် ပေါက်ရောက်နိုင်ကြောင်း တွေ့ရပါတယ်။

ဒီနေ့ခေတ်မှာ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုမှာ ဝါးပင်က နေ့စဉ်ဘဝနဲ့ စီးပွားရေးအတွက် အရေးပါအသုံးဝင်လာတဲ့အတွက် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လာကြပါတယ်။ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေမှာ ပုဂ္ဂလိကဝါးစိုက်ခင်းတည်ထောင်ခွင့်ကို ၂၀၁၇ ခုနှစ် နောက်ပိုင်းကစကာ ခွင့်ပြုပေးခဲ့ပြီး ဝါးစိုက်ခင်းတည်ထောင်သူ လုပ်ငန်းရှင် ၁၀၄ ဦးနဲ့ စိုက်ဧက ၄၂၀၀ ကျော်ရှိတယ်လို့သိရပါတယ်။

**နိုင်ငံတကာဈေးကွက်တွေမှာ နေရာယူ**

ဝါးပင်တွေ ရှင်သန်ပေါက်ရောက်ရာ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဂျပန်စတဲ့နိုင်ငံတွေမှာ ဝါးနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်လာတာ တွေ့ရပါတယ်။ ပရိဘောဂတွေ၊ လူ့အသုံးအဆောင်တွေ၊ အိမ်သုံးပစ္စည်းတွေ၊ အိမ်အလှဆင်ပစ္စည်းတွေ ထုတ်လုပ်နေကြပြီး နိုင်ငံတကာဈေးကွက်တွေမှာ နေရာယူနေကြပြီဖြစ်ပါတယ်။

ဒါကြောင့်မြန်မာနိုင်ငံမှာ ပေါများစွာပေါက်ရောက်နေတဲ့ ဝါးသယံဇာတကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး မိရိုးဖလာအသိပညာအပြင် နည်းပညာနဲ့ပေါင်းစပ်ကာ တန်ဖိုးမြှင့်ထုတ်ကုန် တွေ၊ စက္ကူပျော့ဖတ်တွေ၊ စက္ကူတွေထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်ပကနေ စက္ကူမျိုးစုံတင်သွင်းနေရမှုကြောင့် သုံးစွဲနေရတဲ့ နိုင်ငံခြားငွေယိုစီးမှုကို တစ်ဖက်တစ်လမ်းက လျော့ချနိုင်မှာ ဖြစ်ပါတယ်။

**ဝါးက ကြီးထွားနှုန်းမြန်ပြီး ပြန်လည်စိုက်ပျိုးရလွယ်ကူတဲ့ Renewable Resource တစ်ခုဖြစ်တဲ့အတွက် ရေရှည်အသုံးပြုနိုင်တဲ့ သဘာဝအရင်းအမြစ်တစ်ခုလည်း ဖြစ်ပါတယ်။ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက အနာဂတ်မှာပြည်ပကို တင်ပို့နိုင်တဲ့ ပို့ကုန်တစ်ခုအဖြစ် ဖွံ့ဖြိုးလာမယ့် အလားအလာတွေလည်း ပိုင်ဆိုင်ထားပါတယ်။**

ဝါးအခြေခံတဲ့စက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာမယ်ဆိုရင် ကျေးလက်ဒေသတွေက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေလည်း တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေများပြားလာပြီး ဒေသစီးပွားရေးကိုလည်း အထောက်အကူပြုလာနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတွေအတွက် ဝါးအခြေခံစက်မှုလက်မှုလုပ်ငန်းတွေ ထွန်းကားလာတာနဲ့အမျှ ဝါးကုန်ကြမ်း စဉ်ဆက်မပြတ်ရရှိရေး၊ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေး စနစ်တကျ စီမံလုပ်ကိုင်ခြင်းဖြင့် ဝါးသယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။ ။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၁၂) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေနှင့်အညီ ကောင်စီ၏လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်လျက်ရှိပါသည်။

သတင်းမီဒီယာဥပဒေအခန်း(၈) အရေးယူခြင်းအခန်း၏ "ပုဒ်မ ၂၀ တွင် နစ်နာသောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့်ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရှေးဦးစွာ ကောင်စီသို့တိုင်ကြားနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂ တွင် ကောင်စီသည် ပုဒ်မ ၂၀ အရ တိုင်ကြားချက်ကို လက်ခံရရှိပါက နှစ်ဖက်တွေ့ဆုံ ညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၃ တွင် ပုဒ်မ ၂၂ အရ ကောင်စီ၏ရှေ့မှောက်တွင် ညှိနှိုင်းဖြေရှင်းရာ၌ ပြေလည်မှုမရှိပါက တိုင်ကြားသူ သို့မဟုတ် ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်သည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ရာ နစ်နာသောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပြဋ္ဌာန်းထားသော တာဝန်နှင့်ကျင့်ဝတ်သိက္ခာ တစ်ရပ်ရပ်ကိုချိုးဖောက်ကြောင်းယူဆလျှင် ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အမှတ် ၃၉၂-၃၉၆၊ ကုန်သည်လမ်း၊ (၉) ရပ်ကွက် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၄၈၀၂၆၃၂၆၊ Email mmpresscouncil@gmail.com သို့ တိုင်ကြားနိုင်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မူမှန်ပြက္ခဒိန်ရောင်းချမည်

**နေပြည်တော် မေ ၁၅**

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၈-၁၃၈၉ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၇ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၆ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ငွေကျပ်တစ်သောင်းတိတိဖြင့် ရုံးအမှတ်(၃၅)၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန (နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူထုတ်ဝေ ဖြန့်ချိခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ထုတ်ဝေဖြန့်ချိနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်သည့် နွေရာသီသင်တန်းဆင်းပွဲများပြုလုပ်

**နေပြည်တော် မေ ၁၅**

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့်လက်တွေ့ အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရရှိစေပြီး အတတ်ပညာများတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် နွေရာသီသင်တန်းများဖြစ်သည့် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဆင်းပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု လက်ဆောင်များနှင့် သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





## မုံရွာသင်တန်းစခန်းရှိ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းသား သင်တန်းသူများ နေပြည်တော်သို့ လေ့လာရေးခရီးထွက်ခွာ

**နေပြည်တော် မေ ၁၅**

စစ်ကိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာသင်တန်းစခန်းရှိ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီးသွားရောက်ရန်အတွက် မုံရွာလေဆိပ်မှ ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ လေ့လာရေးခရီးသွားရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများက လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်မြို့နယ်၌ လူရည်ချွန်မောင်မယ် ခြောက်ဦးအား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ

**ကျုံပျော် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ၂၀၂၆ ခုနှစ် လူရည်ချွန်မောင်မယ် ခြောက်ဦးအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကပြုလုပ်သည်။ ဦးစွာ လူရည်ချွန်မောင်မယ်များအား မြို့ထိပ်အင်းရဲလမ်းဆုံမှစတင်၍ မိဘပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ ပန်းစည်းများ ပေးအပ်ကာ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် ဧရာမင်းခန်းမတွင် ဂုဏ်ပြုပွဲကို ကျင်းပရာ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၅ ရက်က ပြုလုပ်ရာ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုးသန့်က အမှာစကားပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

**❐ မိုးကြိုကာလမှ**

လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ လှူဒါန်း

နေပြည်တော် မေ ၁၅

ပုံနှိပ်ပြီးစီးသော ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ လှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ချမ်းမြသာစည်မြို့နယ် ဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်း ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသုဇနပီယ အမှူးပြုသော သံဃာတော်များ၊ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ပိဋကသုံးပုံအဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်ဘုရား၊ ဘုရားနီဘုရား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၁၅

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်လျက်ရှိသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၃)၊ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၆)နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၂၉) တို့မှ သင်တန်းသား သင်တန်းသူများ၊ အရာထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဝန်ထမ်းကောင်းများဖြစ်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး ပုံစံတကျဖြစ်ရေး၊ အတွေးအမြင်နှင့် စိတ်ဓာတ်များကို မြှင့်တင်ပြီး ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရေး လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် အသိအမြင်ဗဟုသုတများ ဖလှယ်ကြရန်၊ ယုံကြည်ချက်၊ ခံယူချက် ကောင်းကောင်းနှင့် သင်တန်း အောင်မြင်ပြီးမြောက်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြား၍ သင်တန်းအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍သင်တန်းသား ရိက္ခာဖူလုံရေး၊ လေ့ကျင့်ရေးဆိုင်ရာများနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေး ကျင်းပ

ပြည် မေ ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စာရေးဆရာအသင်း၏ မျက်နှာစုံညီ အစည်းအဝေးနှင့် အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယမန်နေ့က ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းဆွေးနွေး

ဦးစွာ ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ယဉ်ဝေလွင်-ပြည်)နှင့် အတွင်းရေးမှူး ဦးဇော်လွင်ဦး(ရည်ဇော်မောင်-ပြည်)တို့က အသင်း၏လေးနှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။



ဆက်လက်ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နှင်းဆီရွှေတို့က အသင်းရန်ပုံငွေအဖြစ် ငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလုပ်အမှုဆောင်သစ် ခုနစ်ဦးကို လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**

# လင်းခေးမြို့နယ်၌ ဓာတ်မြေဩဇာပေးအပ်ပွဲ ကျင်းပ

လင်းခေး မေ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်စိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးနည်းပညာ သင်တန်းပို့ချခြင်းနှင့် ဓာတ်မြေဩဇာ(ဒုတိယအကြိမ်) ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၃ ရက် မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။



## ရှင်းလင်းပြောကြား

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆေဟန်(ခ) ဦးစိုင်းထွန်းစံက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးငြိမ်းထွန်းက အထွက်တိုး စံပြကွက်စိုက်ပျိုးမည့် တောင်သူများအား သင်တန်းပို့ချခြင်းနှင့် ဓာတ်မြေဩဇာပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက စံပြကွက်စိုက်ပျိုးကြမည့် တောင်သူ ၅၅ ဦးထံ ဓာတ်မြေဩဇာများ ပေးအပ်ကြပြီး သင်တန်းတွင် ဒုတိယပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က မီးခိုးမြူငွေ့လျှော့ချရေး၊ ဆီထွက်သီးနှံတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများ အကြောင်း၊ ဆီထွက်သီးနှံ အထူးဇုန်ပြုလုပ်ရခြင်းနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်ရာ၌ လိုက်နာရမည့်အချက်များနှင့် စပ်လျဉ်း၍ ပို့ချခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

# ဝိုင်းမော်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း

ဝိုင်းမော် မေ ၁၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းဦးက အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ပြည်တွင်း အခွန်များဦးစီးဌာန ပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးမြင့်နိုင်က အခွန်ဆိုင်ရာကိစ္စများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်များဦးစီးဌာနကကောက်ခံလျက်ရှိသော အခွန်အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဖြူစင်**

# သရက်မြို့၌ လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

သရက် မေ ၁၅

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၁၃ ရက် နံနက်ပိုင်းက စည်ပင်သာယာဈေးကြီးရှေ့၌ ဆောင်ရွက်သည်။

## လက်ကမ်းစာစောင်များ ဖြန့်ဝေ

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ ကျိုးကျနေခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစား ဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန် လက်ကမ်းစာစောင်ကို ဈေးရောင်းဈေးဝယ် ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အရေးပေါ်သားဖွားခြင်းနှင့် မွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ သင်တန်းဖွင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ယူပြီးမြောက်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ



**မော်လမြိုင် မေ ၁၅**

ပြည်သူ့အတွက် ပထမရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်သည့် ပြီးပြည့်စုံသော အရေးပေါ်သားဖွား ခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း ဆိုင်ရာ ပြည်နယ်အဆင့် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမျိုးသမီးနှင့်ကလေး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် တိုက်နယ်ဆရာဝန် ၁၆ ဦးကို နှစ်သုတ်ခွဲ၍ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး မှ သားဖွားမီးယပ်အထူးကုဆရာဝန်များ၊ ကလေး အထူးကုဆရာဝန်များ၊ မေ့ဆေးအထူးကုဆရာဝန်နှင့် ရောဂါဗေဒအထူးကုဆရာဝန်တို့က သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက် ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် မွန်ပြည်နယ် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက် ရေးလုပ်ငန်း သင်ယူပြီးမြောက်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ် ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ကအမှာစကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှု ပိုမိုတိုးတက်မြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှု ပိုမိုတိုးတက်လာစေရေး ညှိနှိုင်းစည်းဝေး

**မုံရွာ မေ ၁၅**

စစ်ကိုင်းတိုင်း ဒေသကြီး အတွင်း ၂၀၂၆-၂၀၂၇ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံမှု ပိုမိုတိုးတက် မြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်း မှုပိုမိုတိုးတက်လာစေရေး ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်း က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပ ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများတက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးက ကျောင်းအပ်နှံရေး သီတင်းပတ် ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ နှင့် တက်ရောက်လာသူများက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှု ပိုမိုတိုးတက်မြင့် မားရေးနှင့် တန်းစဉ်ကူးပြောင်းမှု ပိုမိုတိုးတက်လာစေရေး လုပ်ငန်း များ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်း ဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး ခန်းမ အတွင်း ခင်းကျင်းပြသထားသည့် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အသိ ပညာပေး ကြေညာချက်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး မေ ၁၅**

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူက အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာ ရေးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုင်းထွန်းထွန်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် စည်ပင်သာယာရေးလုပ်ငန်း အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများမှ စည်ပင်သာယာ ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ် ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းသန့်(ပြန်/ဆက်)**



# သရက်ချောင်းမြို့နယ်၌ လမ်းမီးများလဲလှယ်ခြင်း ဆောင်ရွက်

**သရက်ချောင်း မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ရက်(၁၀၀)စီမံချက်ဖြင့် မေ ၁၂ ရက်တွင် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနယ်မြေအတွင်း လျှပ်စစ်ဓာတ်အားလိုင်း နှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများရှင်းလင်းခြင်းနှင့် လမ်းမီး များ လဲလှယ်ခြင်းတို့ကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သရက်ချောင်းမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝေယံအောင်နှင့် ဝန်ထမ်းများက ရွှေဂူတံတားဂိတ်အနီး အန္တရာယ်ဇုန်ရှိ 33KV လိုင်းနှင့် 11KVလိုင်းများအတွင်း သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်း၊ လျှပ်စစ်



ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသောသစ်ပင်၊ သစ်ကိုင်းများခုတ်ထွင် ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရေးအတွက် ထိန်းသိမ်း ပြုပြင်ခြင်း၊ လမ်းမီးများပြုပြင်လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

# လားရှိုးမြို့၌ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပ

**လားရှိုး မေ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ခရိုင်မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ (၃၉) ကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ များကို မေ ၁၂ ရက်က အမှတ် (၆)



အခြေခံပညာ အထက်တန်း ကျောင်း ကမ္ဘောဇခန်းမ၌ ကျင်းပ သည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ် ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ လားရှိုးခရိုင်အုပ်ချုပ် ရေးမှူး ဦးမျိုးမင်းထွန်းနှင့် တာဝန် ရှိသူများက ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲများတွင် အထက်တန်းအဆင့် ၁၃ ဦး၊ အလယ်တန်းအဆင့် ၄၆ ဦး၊ မူလတန်းအဆင့် ၅၆ ဦး စုစုပေါင်း ၁၁၅ ဦး ပါဝင်ယှဉ်ပြိုင် ပြီး ထူးချွန်ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား (၃၉) ကြိမ် မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒလမြို့နယ်၌ KTV များ ရှောင်တခင် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် KTV များအား ရက်(၁၀၀)စီမံချက်ဖြင့် မေ ၁၃ ရက် ညပိုင်းတွင် တာဝန်ရှိ သူများက ရှောင်တခင်ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်၊ ဒလမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့် အဖွဲ့ဝင်များက KTV များ၏ လုပ်ငန်းလိုင်စင်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်အခြေအနေများ၊ သတ်မှတ်စည်းကမ်းချက် များအား လိုက်နာဆောင်ရွက်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာ စီမံထားရှိမှုများကို အသေးစိတ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**





## ရှာင်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

ရှာင် မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှာင်မြို့နယ်ဘဏ်ခွဲမှ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်ချေးငွေအကြံပေးဥက္ကဋ္ဌ ဦးသိန်းဆိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ချေးငွေအကြံပေးအဖွဲ့အတွင်းရေးမှူး မြို့နယ်မန်နေဂျာ ဒေါ်ခင်စိုးရီက ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ၊ လယ်ယာသုံးစက်ကိရိယာချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လင်းဝေးကျေးရွာအုပ်စုမှတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်မည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၂ ရက်မှစတင်ထုတ်ချေးပေးပြီး ကျေးရွာအုပ်စုနှစ်အုပ်စုမှ တောင်သူ ၂၈ ဦး၏ မိုးစပါး ၈၉ ဧကအတွက် ချေးငွေ ၂၆၇ သိန်း ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်း ဆီထွက်သီးနှံ၊ နှမ်းစပါး၊ မိုးစပါး စိုက်ပျိုးမှုအခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား မေ ၁၅

ကချင်ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေး၊ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ၊ နှမ်းစပါး၊ မိုးစပါးသီးနှံများ စိုက်ပျိုးမှုအခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။



**ညှိနှိုင်းဆောင်ရွက်**

ထို့နောက်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးရေးအတွက် မျိုးစပါးများ ခရိုင်အလိုက် ဖြန့်ဝေထားရှိမှု၊ ဆီဖူလုံရေးအတွက် မျိုးသန့်မျိုးစေ့များ ဖြန့်ဝေသွားမည့် အစီအစဉ်၊ စားရေရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တောင်သာမြို့၌ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး

တောင်သာ မေ ၁၅

တောင်သာမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအောင်ကျော်က သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သောနည်းလမ်းများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတွဲသုံးနိုင်သောနည်းလမ်းများကို တောင်သူများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**





## မုံရွာမြို့၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံ

မုံရွာ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းက မုံရွာမြို့နယ်အတွင်းရှိ ချမ်းမြဝတီရပ်ကွက်၊ စက်မှုဇုန်ရပ်ကွက်နှင့် ညောင်ပင်၊ ခံတော၊ မရိုးတော၊ ဖန်းခါးကျင်းကျေးရွာများအရောက် ကွင်းဆင်းထိုးနှံပေးလျက်ရှိသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမြင့်အေး ဦးဆောင်သောဝန်ထမ်းများက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား တစ်ပိုင်တစ်နိုင်အခြေခံမွေးမြူမှုနည်းစနစ်များ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများ၊ ဇီဝလုံခြုံမှုတိုးမြှင့်ရေး၊ တိရစ္ဆာန်အစာပင် စနစ်တကျစိုက်ပျိုးခြင်း နည်းစနစ်များနှင့် အစာကျွေးမွေးမှုနည်းစနစ်များအကြောင်းကို အသိပညာပေးပြောကြားသည်။

ထို့နောက် ကျွဲ၊ နွားကောင်ရေ ၁၀၀၀ နှင့် သိုး၊ ဆိတ် ကောင်ရေ ၅၀၀ တို့ကို ကျွဲ၊ နွား ဒေါင့်သန်းရောဂါကာကွယ်ဆေး ၊ ပေါင်ပုပ်လက်ပုပ်ကာကွယ်ဆေးနှင့် ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်၌ စိုက်ပျိုးရေလုံလောက်စွာရရှိစေရေး တူးမြောင်းတူးဖော်ဆောင်ရွက်ပေး



ဘားအံ မေ ၁၅

ကရင်ပြည်နယ် ဆည်မြောင်းဦးစီးဌာနသည် လှိုင်းဘွဲ့မြို့နယ်တွင် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေးနှင့် ရေကြီးနစ်မြုပ်မှုလျော့နည်းစေရေးအတွက် ကွမ်တာမြောင်းအောက်ပိုင်း တူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဧပြီလမှစတင်ကာ တူးဖော်ဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းဦးစီးဌာနက ကွမ်တာမြောင်းပေါ်တွင် ရေတံခါး သုံးခုတည်ဆောက်ပေးထားပြီး စိုက်ပျိုးမြေဧက ၃၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပုသိမ်မြို့ ဖိုးရွှေမြကုန်းကျေးရွာတွင် ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

ပုသိမ် မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ပုသိမ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိန်းဆွေဦး ဦးဆောင်သော ဝန်ထမ်းများက ဖိုးရွှေမြကုန်းကျေးရွာအတွင်းရှိ ကျွဲ၊ နွား ၆၇ ကောင်ကို ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ပုသိမ်မြို့နယ်အတွင်း



ကျန်ရှိသည့်ကျေးရွာများအရောက်ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေး ဆက်လက်ကွင်းဆင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**



## ဇီဝမီးသွေးမြေဩဇာ ပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြ

ဒိုက်ဦး မေ ၁၅

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းအောင်ဆန်း၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ငြိမ်းငြိမ်းစန်းနှင့် တာဝန်ရှိသူများသည် ဒိုက်ဦးမြို့နယ် အိမ်ခြေ လေးဆယ်ကျေးရွာအုပ်စု၌ မေ ၁၄ ရက်က သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် ဇီဝမီးသွေးမြေဩဇာဘိုင်အိုချာပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းအောင်ဆန်းက အမှာစကားပြောကြားပြီး တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ငြိမ်းငြိမ်းစန်းက သီးနှံအထွက်နှုန်းကို မထိခိုက်စေသည့် ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်မည့်နည်းလမ်းများနှင့် ဇီဝမီးသွေးမြေဩဇာပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးပြီး ဇီဝမီးသွေးမြေဩဇာ စပါးခွံမီးသွေးပြုလုပ်နည်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ဒိုက်ဦး)**

❖ ကျောဖုံးမှ

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများအား အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်လုပ်ပစ္စတိုသေနတ် ငါးလက်၊ မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်နှင့် စကားပြောစက် နှစ်လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်လုပ်ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ် ၂၅ သိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်အတွက် ငွေကျပ်သိန်း ၃၀၀၊ စကားပြောစက် နှစ်လုံးအတွက် ငွေကျပ်လေးသိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ် ၁၉ သိန်း စုစုပေါင်း ငွေကျပ် ၃၄၈ သိန်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

အလားတူ ပစ္စတိုသေနတ် တစ်လက်၊ မောင်းပြန်ရိုင်ဖယ်သေနတ် ကိုးလက်၊ လက်ပစ်ဗုံး ၇၁ လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၆၁ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၆၆ ဦးတို့အား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ အောင်စစ်သည်ခန်းမ၌လည်းကောင်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၁၇ လက်၊ လက်ပစ်ဗုံး နှစ်လုံး၊ မိုင်း တစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၄၀ နှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၄၃ ဦးအား ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌လည်းကောင်း၊ လက်ပစ်ဗုံး တစ်လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၈ ဦးတို့အား ရွှေဘိုမြို့ရှိ အောင်ဇေယျခန်းမ၌လည်းကောင်း မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ၎င်းတို့နှင့်အတူပါလာသည့် လက်နက်များအတွက် ဆုကြေးငွေပေးအပ်စဉ်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ မောင်းပြန် ရိုင်ဖယ်သေနတ် ၂၆ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၃၀၀၊ လက်ပစ်ဗုံး ၇၄ လုံး အတွက် ဆုကြေးငွေကျပ် ၂၂၂ သိန်း၊ မိုင်းတစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်း ဝင်ရောက်လာသူများ အတွက် ငွေကျပ် ၁၂၇ သိန်း စုစုပေါင်း ၁၆၅၇ သိန်းနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြရာ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများက လက်ခံရယူကြသည်။

ယနေ့ အခမ်းအနားများတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှု အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်မှ အမျိုးသားတစ်ဦး၊ ဆားလင်းကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပုလဲမြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး တစ်ဦး၊ မုံရွာမြို့နယ်မှ အမျိုးသား သုံးဦး၊ မြင်းမူမြို့နယ်မှ အမျိုးသမီး နှစ်ဦး၊ ဟုမ္မလင်းမြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ တမူးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ကလေးမြို့နယ်မှ အမျိုးသား ၃၃ ဦး အမျိုးသမီး နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ငါးဦး၊ ထီးချိုင့်မြို့နယ်မှ အမျိုးသား လေးဦး၊ ကသာမြို့နယ်မှ အမျိုးသား တစ်ဦးနှင့် ရွှေဘိုမြို့နယ်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ၁၄၆ ဦး ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများ ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှု မရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရသည်။ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေ ဘောင်အတွင်း ဝင်ရောက် လာကြသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ရှိခဲ့တဲ့ အကြောင်းရင်းကတော့ ကျွန်တော့် သူငယ်ချင်းတွေ စည်းရုံးလို့ အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ရှိပြီးတော့ လေးရက်၊ ငါးရက်လောက်နေတော့ မူဆယ်ဘက်မှာ သင်တန်းဆင်းခဲ့ပါတယ်။ သင်တန်းဆင်းပြီးတော့ ကျွန်တော် သင်ကြားခဲ့ရတာတွေကတော့ လက်နက်ဖြုတ်တပ်တွေ၊ မိုင်းထောင်၊ မိုင်းခွဲနည်းတွေ သင်ကြားပေးပါတယ်။ သင်တန်းပြီးတော့ ကျွန်တော် တာဝန်ကျတာကတော့ ကင်းစောင့်၊ ထမင်းချက် တာဝန်ယူခဲ့ရပါတယ်။ သူတို့တွေ ဂိတ်ထိုင်လို့ရတဲ့ ပိုက်ဆံတွေ၊ ရွာတွေက ဆက်ကြေးကောက်ရတဲ့ ပိုက်ဆံတွေနဲ့ သူတို့တွေက ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့တွေ ကျတော့ ဟင်းကောင်း စားချင်ရင်တောင် မိဘဆီက ပြန်တောင်းခဲ့ရပါတယ်။ ကြာလာတော့ ကျွန်တော်တို့လည်း စိတ်ပျက်လာပြီး အလင်းဝင်ဖို့ကို ရည်ရွယ်လိုက်တယ်။ သူတို့က ပြောတာတော့ အလင်းဝင်ရင် သတ်ဖြတ်မယ်၊ ထောင်ချမယ် ဆိုပြီး ပြောကြတယ်။ တကယ်တမ်းဝင်ကြည့်တော့ သူတို့ပြောတာတွေနဲ့ တခြားစီပဲ။ တကယ်ဒီကို အလင်းဝင်လိုက်တော့ ကျွန်တော်လည်း လူငယ်ပဲဗျာ၊ ကျွန်တော့် အနာဂတ်တွေ ရှိသေးတယ်၊ ကျွန်တော်လည်း တောထဲမှာပဲ အချိန်တွေ အကုန်မခံချင်ဘူး။ အဲဒါကြောင့်မို့ ကျွန်တော် ဒီအလင်းဝင်ဖို့ ဆုံးဖြတ်လိုက်တာပါ။ အလင်းဝင်တော့ တကယ် အလင်းဝင် လိုက်တော့လည်း သူတို့က လက်ဖျားနဲ့တောင် မထိဘဲ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ နေစရာ စားစရာ အကုန်စီစဉ်ပေးပါတယ်။ ဒီအခမ်းအနားပြီးရင် ကျွန်တော့်ကို မိဘတွေဆီ ပြန်ပို့မယ်ဆိုတာလည်း မှန်သွားပါပြီ။ ကျွန်တော် ပြန်ရောက်ရင်လည်း ယခင်လုပ်ခဲ့တဲ့လုပ်ငန်းကိုပဲ ပြန်လုပ်မှာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကို မောင်နှမတွေကိုလည်း အမြန်ဆုံး အလင်းဝင်ကြပါလို့ ဒီနေရာကနေ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ။

၂။ ကျွန်တော်တို့ ရွာဘက်မှာ အကြမ်းဖက် PDF အဖွဲ့ထဲကို ဝင်ဖို့အတွက် လူအင်အား လိုအပ်လို့ မဖြစ်မနေ ဝင်ရမယ်ဆိုပြီး ခြိမ်းခြောက်လို့ ကျွန်တော်တို့ ဝင်ခဲ့ရတာပါ။ မဝင်ရင်လည်း သတ်ခံရမှာစိုးလို့ပါဗျာ။ သင်တန်းတက်တဲ့ အချိန်မှာတော့ ကျွန်တော်တို့ လက်နက်ငယ်နဲ့ မိုင်းထောင်နည်း၊ မိုင်းလုပ်နည်းတွေကို သင်ပေးပါတယ်။ သင်တန်းကနေ ဆင်းပြီး ပြန်လာတဲ့အချိန်မှာ ကျွန်တော်တို့ ကင်းစောင့်တာဝန် ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော် ဒီအကြမ်းဖက် PDF အဖွဲ့ထဲမှာ ရောက်ရှိနေတဲ့ အချိန်မှာတော့ သူတို့မကျေနပ်တဲ့ ရွာတွေဆိုရင် လည်း မီးရှို့ပါတယ်။ မိန်းကလေးတွေ ဆိုရင်လည်း အပျိုအအို မရှောင်ပါဘူး။ သူတို့သဘောကျတယ် ဆိုရင် မုဒိမ်းကျင့် သတ်ပါတယ်။ လူကြီးတွေကိုလည်း ဖမ်းဆီးရိုက်နှက်ပါတယ်။ ရွာတွေကိုလည်း ဆက်ကြေးကောက်ပါတယ်။ အခုကျွန်တော် အလင်းဝင်ဖို့ စဉ်းစားခဲ့တာက ကျွန်တော့် လုပ်ရပ်တွေ မှားနေတယ်ဆိုတာ



ကျွန်တော်သိပါတယ်။ မိသားစုနဲ့လည်း အကြာကြီး ဝေးကွာနေရတော့ ကိုယ့်မိသားစုနဲ့ကိုယ် ပျော်ပျော်ရွှင်ရွှင် နေထိုင်ချင်ပါတယ်။ အဲဒါကြောင့်မို့ လူငယ်တစ်ယောက်အနေနဲ့ ကိုယ့်ဘဝကို ကိုယ့်မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် နေပြီးတော့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ချင်လို့ ကျွန်တော်တို့ အလင်းဝင်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော် အလင်းဝင်လာတဲ့ အချိန်မှာတော့ နည်းနည်းတော့ စိုးရိမ်မိပါတယ်၊ အဆင်ပြေပါ့မလားလို့။ ဒါပေမဲ့ ကျွန်တော့်အထင်နဲ့ တခြားစီဖြစ်နေပြီး နွေးနွေးထွေးထွေး ကြိုဆိုပြီး ထောက်ပံ့မှုတွေ လုပ်ပေးလို့ ကျေးဇူးအများကြီး တင်ပါတယ်။ ကျွန်တော် ဒီကနေ ပြန်ရင်တော့ မိဘထံ အပ်ပေးတဲ့ အချိန်မှာ ကျွန်တော့် မိဘတွေနဲ့ ကောင်းကောင်းမွန်မွန် အလုပ်တစ်ခုကိုလုပ်ပြီး နေထိုင်သွားတော့မှာပါ။ ဒါကြောင့် အကြမ်းဖက် PDF အဖွဲ့ထဲမှာ အခွင့်မသာလို့ အလင်းဝင်ရောက်ချင်တဲ့ ညီအစ်ကို မောင်နှမတွေကိုလည်း ဒီနေရာကနေ ပြောချင်ပါတယ်။ သတင်းအမှားတွေကို နားမယောင်ဖို့နဲ့ ငါတို့တွေ အလင်းဝင်လာတဲ့ အချိန်မှာ နွေးနွေးထွေးထွေး ကြိုဆိုပြီးတော့ ထောက်ပံ့မှုတွေ လုပ်ပေးတယ်ဆိုတာ ငါတို့ကိုယ်တွေ့ပါပဲ။ ဒါကြောင့် အမြန်ဆုံး အလင်းဝင်ဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။

**သတင်းစဉ်**

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများဆောင်ရွက်



ကြာအင်းဆိပ်ကြီး မေ ၁၅

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် ရော်ဘာခြံ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကာကွယ်ဆေးထိုးပေးရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာစိုးလွင်နှင့်ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ ကျွဲ၊ နွားများကို လည်ချောင်းကွဲ၊ ပေါင်ပုပ်၊ လက်ပုပ်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကန်ကြီးထောင့်မြို့နယ်ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံလည်ပတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



ပုသိမ် မေ ၁၅

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းတွင် ကန်ကြီးထောင့်မြို့နယ်ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်ရုံလည်ပတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ကန်ကြီးထောင့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံသည် တောင်သူများအတွက် မရှိမဖြစ်လိုအပ်သည့် စက်ရုံဖြစ်ကြောင်း၊ စက်ရုံပြုပြင်ပြီးစီး၍ ပြန်လည်လည်ပတ်ရာတွင်လည်း စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန်နှင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဝန်ထမ်းများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး တာဝန်ရှိသူများက အလေးထားဆောင်ရွက်ရန် ပြောကြားသည်။ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ Central Control Room၊ Compressor House နှင့် သိုလှောင်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် အဆောက်အအုံများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းဘေးဝဲ/ယာ ရေနုတ်မြောင်းများတူးဖော်နေမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် မေ ၁၅

နေပြည်တော်ကောင်စီဝင် ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် (၂၃၃/၀)နှင့် (၂၃၃/၆)အကြား လမ်းဘေးဝဲ/ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး တူးဖော်ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မိုးရာသီမရောက်မီကာလအတွင်း အချိန်မီပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ပင်လောင်းလမ်းဆုံမှ အေလာလေဆိပ်လမ်းဆုံအကြား လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး မိုးရာသီမတိုင်မီ ပြုပြင်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့က အပိုင်းလိုက် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ဟင်္သာတခရိုင်အတွင်း ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ



ဟင်္သာတ မေ ၁၅

ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သရက်အုပ်(သဇင်အင်းကုန်းကျေးရွာ)တွင် Egigine & Compressor တပ်ဆင်ခြင်း၊ ရေစက်ရုံနှင့် အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ယမန့်နေ့တွင် ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းပြီးစီးသွားပါက သရက်အုပ်(သဇင်အင်းကုန်း)ကျေးရွာရှိ လူဦးရေ ၂၆၉ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ချမ်းမြသာစည်မြို့နယ်၌ ငလျင်ဘေးဒဏ်ခံစားခဲ့ရသော ရပ်ကွက်နေပြည်သူများအား ဆန်ထောက်ပံ့ပေးအပ်



မန္တလေး မေ ၁၅

မန္တလေးတိုင်း ဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ငလျင်ဘေး ဒဏ်ခံစားခဲ့ရသော ရပ်ကွက်နေပြည်သူများအား ဆန်ထောက်ပံ့ပေးအပ်ခြင်းကို မေ ၁၄ ရက်တွင် အောင်ပင်လယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

**ထောက်ပံ့ပေးအပ်**

ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့တို့က အောင်ပင်လယ်ရပ်ကွက်နေပြည်သူ ၈၉ ဦးအား လူတစ်ဦးလျှင် ဆန် ၄ ဒသမ ၀၉ ပြည်နှုန်းဖြင့် လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာပေါင်းမြို့နယ်၌ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးသင်တန်းဖွင့်

သာပေါင်း မေ ၁၅

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက်(၁၀၀) စီမံချက်အရ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေး သင်တန်းကို ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ် သင်ကြားပို့ချပေးလျက်ရှိသည်။



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းရောထိုက်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသိန်းဆွေဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကျော်စိုးလင်းက တိရစ္ဆာန် ကူးစက်ရောဂါများနှင့် ကာကွယ်ထိန်းချုပ် ကုသနည်း၊ အသုံးပြုဆေးဝါးများ အကြောင်းကို သင်တန်းသား ၂၀ အား စာတွေ့၊ လက်တွေ့ နှစ်ရက်တာ သင်တန်း ပို့ချပေးမည်ဖြစ်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမိုးမိုးခိုင် ဦးဆောင်သော အဖွဲ့သည် ကြက်သွန်ကွင်းကျေးရွာ ပိုင်ရှင် ဦးဇင်မျိုးသူ၏ ကျွဲနှင့် နွားကောင်ရေ ၄၀ အား ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)

# အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ဆင်ပြောင်ကြီးအမှတ်တံဆိပ် အမျိုးသား အကြောအားတိုးဆေး၊ နတ်စည်းစိမ်အမှတ်တံဆိပ် အမျိုးသားအားတိုးဆေး၊ ဇော်ဂျီလက်စွဲ အမှတ်တံဆိပ် အကြောအားတိုးဆေး၊ တောင်ကြာပန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေးနှင့် ဘီလူးငါးကောင် အမှတ်တံဆိပ် အမျိုးသားအားဆေးတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါး မှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့် အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်ခြင်း၊ သတ်မှတ်ချက်(၁၀) ချက် ပြည့်စုံမှန်ကန်မှု မရှိခြင်းနှင့် Double X အမှတ်တံဆိပ် အမျိုးသားအားတိုးဆေးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဖော်ပြပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ဆင်ပြောင်ကြီး | အမျိုးသား အကြော အားတိုးဆေး | ဆေးမှုန့် | ဆင်ပြောင်ကြီး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး<br>ရန်ကုန်၊ တိုက် ၄၂၊ အခန်း ၁၀၅၊<br>ဗန္ဓုလအိမ်ရာ၊ တောင်ဒဂုံ။ | Sildenafil |
| ၂။ | နတ်စည်းစိမ် | အမျိုးသားအားတိုးဆေး | ဆေးမှုန့် | ပင်ရင်းလိပ်စာ မပါဝင်ပါ။<br>ဖုန်း-၀၉၉၅၃၀၇၇၂၇၁ | Sildenafil |
| ၃။ | ဇော်ဂျီလက်စွဲ | အကြော အားတိုးဆေး | ဆေးမှုန့် | ဇော်ဂျီမြန်မာတိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေး<br>အမှတ် ၂၀၅၊ မြရတနာ ၆ လမ်း၊<br>(ခ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |
| ၄။ | တောင်ကြာပန်း | အမျိုးသား အားတိုးဆေး | ဆေးမှုန့် | မိဘမေတ္တာဆေးတိုက်<br>အမှတ် ၁၊ ရဲသီဟလမ်း၊ ၃၆ ရပ်ကွက်၊<br>မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၅။ | ဘီလူးငါးကောင် | အမျိုးသား အားဆေး | ဆေးပြား | အမှတ် ၃၄၄၊ ရွှေဘုံသာ အထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊<br>ရန်ကုန်မြို့။ | Sildenafil |
| ၆။ | Double X | အမျိုးသား အားတိုးဆေး | ဆေးတောင့် | SYS တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး<br>အကွက်အမှတ် (၁၅၉/ဘီ-၆)၊<br>နဂါးအိမ်ရာ၊ မှန်တန်းရပ်၊<br>အမရပူရမြို့။<br>၀၉-၄၄၄၅၅၆၇၄၅၊<br>၀၉-၄၄၄၁၈၁၄၃၀ | Sildenafil |




Sildenafil၊ Tadalafil ရောနှောသည့် ဆေးနမူနာများ

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ချောင်းဆုံမြို့နယ်၌ ရေမြောင်းတူးဖော်နေမှုနှင့် ပန်းခြံဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ မေ ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ရေစီးရေလာကောင်းမွန်စေရန်နှင့် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



**ကြည့်ရှုစစ်ဆေး**

မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုံးသန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခရိုက်သစ်ကျေးရွာ ပင်မချောင်း အရှည်ပေ ၃၅၀၀ ကို စက်အင်အားဖြင့် တူးဖော်ဆယ်ယူနေမှုများနှင့် ချောင်းဆုံအရှေ့ရပ်ကွက်ရှိ တြိဂံပန်းခြံ မြေပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# နန်းယွန်းမြို့၌ စီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်

**နန်းယွန်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက်က နန်းယွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ နန်းယွန်းမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယောအေးလှက အမှာစကား ပြောကြားသည်။ ထို့နောက် နန်းယွန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်၊ နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ ကျေးရွာ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။



သင်တန်းတွင် ဟာဝါး အထက်ရွာ၊ ကြိုင်ရိုင်ကျေးရွာမှ သင်တန်းသား သင်တန်းသူ ခြောက်ဦးအား သင်တန်းကာလသုံးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပေါင် မေ ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာ၌ ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်(၁၀၀)အတွင်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့များ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်လင်းအောင်က ကျေးရွာမြေငှားဂရန်ရရှိရေး ဆောင်ရွက်ပေးမည့် အခြေအနေနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်စွာဝင်းက ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုတ္တမကျေးရွာ၊ ကော့စိုင်ရွာကွင်း အတွင်းရှိ မြေဧရိယာ ၆ ဒသမ ၆၂ ဧကအတွက် အိမ်ခြေ ၇၄ အိမ်အား ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ကျောက်တန်း မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် ရက်(၁၀၀)အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဆင်ကန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေ ၁၃ ရက်က ပြုလုပ်ပေးခဲ့သည်။

ကွင်းဆင်းဆောက်ရွက်ပေးရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ သန်လျင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးသူ၊ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**


ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကို ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြောင်းနှင့် တရားမဝင် ပြည်ပနိုင်ငံသားများလည်း ရှိနေကြောင်း သတင်းများအရ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက ရှာဖွေစစ်ဆေးမှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရုတ်နိုင်ငံသား ခုနစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လိုအပ်သည့်ရှာဖွေစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်စဉ် မက်မန်းမြို့၏အနောက်တောင်ဘက် ၄၅ ကီလိုမီတာခန့်အကွာရှိ သံလွင်မြစ်အနီးတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား တစ်ဦးကို ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင်လည်းကောင်း၊ ထပ်မံ၍ တရားမဝင် တရုတ်နိုင်ငံသား တစ်ဦးကို မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်တွင်လည်းကောင်း၊ တရားမဝင် တရုတ်နိုင်ငံသား ငါးဦးကို မွန်းလွဲ ၃ နာရီ ၃၀ မိနစ်ခန့်တွင်လည်းကောင်း




ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသားများကို ဖမ်းဆီးရမိသည့် နေရာပြပုံ။

အသီးသီးဖမ်းဆီးရမိခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် စုစုပေါင်း တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကိုတွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား ငါးဦးကို တွေ့ရစဉ်။

## ငပုတောမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်



ငပုတော မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်စွာတုံ့ပြန် ကူညီဆောင်ရွက်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ငပုတောမြို့ မီးသတ်ဦးစီးဌာနရုံးတွင် ရှာဖွေကယ်ဆယ်ရေးတပ်စု စုဖွဲ့ထားရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းအောင်၏ ဦးဆောင်မှုဖြင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ အသင့်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ သီးနှံအာမခံလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၅

မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို မေ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အသက်အာမခံဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ဝါဝါအေးက ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်းရည်ရွယ်ချက်နှင့် အာမခံထားရှိခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီးမန်နေဂျာက စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

## ကျိုက်မရောမြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

ကျိုက်မရော မေ ၁၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမက(မူလွန်) လိုင်းကနိုင်ကျောင်းခန်းမ၌ ပြုလုပ်သည်။

### ပညာပေးဟောပြော

ဟောပြောပွဲတွင် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝ်ခမ်းက လူမှောင်ခိုကူးမှုအန္တရာယ်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားဥပဒေများအကြောင်းကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)



# ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ပေး စိုက်ပျိုးစရိတ်ချေးငွေပေးအပ်



**စစ်တွေ မေ ၁၅**

ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပေးအပ်ပွဲနှင့် တောင်သူလယ်သမားများထံ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးနိုင်ဦးနှင့် အဖွဲ့သည် ဦးဥတ္တမခန်းမရှေ့၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ဒေသခံပြည်သူများအား ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခန်းမအတွင်း ကျင်းပသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပြည်သူများထံ ပေးအပ်ကြသည်။

ယင်းနောက် တောင်သူလယ်သမားများထံ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ကာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများက စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



## မြိတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**မြိတ် မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ အစိုးရ၏ ရက်(၁၀၀)အတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ယနေ့တွင် ကလွင်ကျေးရွာမှ ပြည်သူများအား ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့်နှင့် ဟောင်းနွမ်းပျက်စီးခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူခြင်းလုပ်ငန်းများကို ကလွင်ကျေးရွာမှ ပြည်သူ ၉၀ အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ရမည်းသင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**ရမည်းသင်း မေ ၁၅**

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းမြို့နယ်ရုံးတွင် ယနေ့နံနက်ပိုင်းက အစိုးရ၏ ရက်(၁၀၀) "လမင်း"စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့်ဦးဟန်မောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးမင်းဟန်၊ လဝက ခရိုင်ဦးစီးမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့အား ကာယကံရှင်လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**





## ပခုက္ကူမြို့၌ မီးဘေးနှင့်ငလျင်ဘေးအန္တရာယ်ဆိုင်ရာ လက်တွေ့သရုပ်ပြလေ့ကျင့်

**ပခုက္ကူ မေ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၃ ရက်က မီးဘေးနှင့်ငလျင်ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပခုက္ကူမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်က မီးဘေးအန္တရာယ်ဆိုင်ရာများ၊ ဦးစီးအရာရှိ ဦးအောင်ရဲကျော်က ငလျင်ဘေးနှင့် ရေဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးနည်းလမ်းများအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေး၊ ငလျင်ဘေးနှင့် ရေဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြကြရာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကြက်ခြေနီအသင်းဝင်များက လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မုဒုံမြို့၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြော



**မုဒုံ မေ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရက် (၁၀၀) စီမံချက်ဖြင့် မှုခင်းကျဆင်းစေရန် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ဖူးရှင်းရော်ဘာစက်ရုံ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မုဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆန်းညွန့်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းထွဋ်အောင်က မှုခင်းကျဆင်းစေရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရာမည (ပြန်/ဆက်)**



## သဃ်္န်းကျွန်းမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ နှစ်ကျိပ်ရှစ်ဆူစေတီရုံ၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

သဃ်္န်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်သော နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့်အဖွဲ့ဝင်များ၊ သဃ်္န်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒါလီမျိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှိုင်မဉ္ဇူနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းသား သင်တန်းသူများအား စာအုပ်၊ ခဲတံ၊ ဘောပင်များ၊ မုန့်နှင့် အအေးများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**နတ်မောက် မေ ၁၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နိုင်ငံတော်အစိုးရ၏ ရက် ( ၁၀၀) စီမံချက်ဖြင့် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ဘုန်းတော်ပြည့်ကျေးရွာ၌ပြုလုပ်သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာခင်ခင်ပြည့် ဦးဆောင်၍ ဌာနရှိဝန်ထမ်းများက ဘုန်းတော်ပြည့်ကျေးရွာရှိ နွားအကောင်ရေ ၄၀၀ အား လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါများအတွက် ကာကွယ်ဆေးများကို အခမဲ့ထိုးနှံခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် နွားမွေးမြူသူများအနေဖြင့် တိရစ္ဆာန်ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကျေးရွာရှိ တောင်သူများအား အသိပညာပေးဟောပြောခဲ့ပြီး မွေးမြူရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။



**လှဝင်း**

# ငလိုက်ဆည်ရေဖြင့် စိုက်ပျိုးသီးနှံ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိစေမည်

**သတင်းဆောင်းပါး - ရွှေယွန်း**

နွေစပါးစိုက်ခင်းများ၊ နွေသီးနှံစိုက်ခင်းများက စိုက်ပျိုးရေ လုံလောက်စွာရရှိသည့်အတွက် ကောင်းစွာရှင်သန်ဖြစ်ထွန်းနေသည်။ ငလိုက်ရေလှောင်တမံရေသောက်စနစ်ရှိ လယ်ယာစိုက်ခင်းများမှ နွေစပါး၊ နွေသီးနှံများကို ပန်းတိုင်အထွက်နှုန်း ရရှိရန် မျှော်မှန်းထားသည်။

**“ငလိုက်ဆည်ရေက ကျွန်တော်တို့ လယ်ယာမြေတွေရဲ့ အသက်လို့ပြောလို့ရတယ်။ ဆည်ရေရှိတော့ မိုးမျှော်စရာမလိုဘူး။ ရာသီပတ်လုံး စိုက်ပျိုးလို့ရတယ်။ တောင်သူအတွက် စိုက်ပျိုးရေလိုအပ်တဲ့အချိန်မှာ လိုအပ်သလောက်ရနေတာဟာ အကျိုးထူးတစ်ခုပါ။ အခုနှစ်မှာ ကျွန်တော် နွေစပါး ခြောက်ဧကစိုက်ပျိုးထားပါတယ်။ မနှစ်က အောင်နိုင်တိုးတစ်ဧက တင်း ၂၀၀ ထွက်ရှိတယ်။ အခုနှစ်လည်း စပါးကောင်းတော့ ပန်းတိုင်အထွက်နှုန်းရရှိမယ်လို့မျှော်မှန်းထားတယ်”**ဟု ဒက္ခိဏသီရိမြို့နယ် ရွာမအုပ်စု မြောက်ကျောင်းစုရွာမှ တောင်သူ ဦးဇော်လင်းက ပြောသည်။

**လယ်မြေ ၁၇၀၃၄ ဧကကို အကျိုးပြု**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ငလိုက်ဆည်ရေကို ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိနှင့် လယ်ဝေးမြို့နယ်တို့ရှိ ကျေးရွာအုပ်စု ၃၃ စု၊ ကွင်းပေါင်း ၈၃ ကွင်းရှိ လယ်မြေ ၁၇၀၃၄ ဧကကို အကျိုးပြုပေးဝေလျက်ရှိကြောင်း သိရသည်။ ငလိုက်ဆည်ရေပေးဝေမှုသည် နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးကဏ္ဍအတွက် များစွာအထောက်အကူပြုနေပြီး အထူးသဖြင့် ဆီထွက်သီးနှံနှင့် စပါးစိုက်ပျိုးမှုများအတွက် အရေးပါသော ရေအရင်းအမြစ်တစ်ခုဖြစ်သည်။

ငလိုက်ရေလှောင်တမံ၏ ၂၀၂၆ ခုနှစ် မေ ၆ ရက်အထိ စာရင်းများအရ ငလိုက်ရေလှောင်တမံရေသောက်စနစ်ရှိ နွေစပါး ၅၄၉၅ ဧက၊ နွေသီးနှံ ၅၂၅ ဧက စုစုပေါင်း ဧက ၆၀၂၀ စိုက်ပျိုးထားရှိပြီး သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆည်ရေ ဖူလုံစွာပေးဝေဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

> **ငလိုက်ဆည်ရေကို ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ နှင့် လယ်ဝေးမြို့နယ်တို့ရှိ ကျေးရွာအုပ်စု ၃၃ စု၊ ကွင်းပေါင်း ၈၃ ကွင်းရှိ လယ်မြေ ၁၇၀၃၄ ဧကကို အကျိုးပြုပေးဝေလျက်ရှိကြောင်း သိရသည်။ ငလိုက်ဆည် ရေပေးဝေမှုသည် နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးကဏ္ဍအတွက် များစွာအထောက်အကူပြုနေပြီး အထူးသဖြင့် ဆီထွက်သီးနှံနှင့် စပါးစိုက်ပျိုးမှုများ အတွက် အရေးပါသော ရေအရင်းအမြစ်တစ်ခုဖြစ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအစီအမံများချမှတ်ပြီး ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) ဇုန်အလိုက်စိုက်ပျိုးမည့်စီမံချက်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ငလိုက်ဆည်မှဆည်ရေဖြင့် ဆည်ရေသောက်စနစ်အတွင်း ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုးခဲ့ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။



**မြေသားတမံအမျိုးအစားဖြစ်**

ငလိုက်ရေလှောင်တမံသည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ကွဲရှင်းရွာအနီး ငလိုက်ချောင်းပေါ်တွင် တည်ရှိသည်။ ရေလှောင်တမံအလျားပေ ၃၉၈၀၊ တမံအမြင့် ၈၂ ပေရှိ မြေသားတမံအမျိုးအစားဖြစ်သည်။ ငလိုက်ရာဘာရေလွှဲဆည်မှ တစ်ဆင့် ဆည်ရေသောက်စိစစ်ပြီး ဧရိယာ ၁၇၀၃၄ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရှိရသည်။

“နေပြည်တော် ငါးမြို့နယ်က လယ်ယာမြေတွေကို ငလိုက်ဆည်ရေက အများကြီးအကျိုးပြုနေပါတယ်။ တောင်သူတွေအတွက် နွေစပါးစိုက်ပျိုးရေနဲ့ မိုးစပါးဖြည့်စွက်ရေကို ပေးဝေပါတယ်။ ဒါ့အပြင် ဆောင်းသီးနှံတွေအတွက် ဖြည့်စွက်ရေလိုအပ်တဲ့အခါမှာလည်း တောင်သူတွေလိုအပ်ရင် လိုအပ်သလို ရယူသုံးစွဲနိုင်ဖို့ ရေပေးမြောင်းထဲ ဆည်ရေပေးဝေနေပါတယ်။ ပြီးတော့ မြို့ပြသုံးရေအတွက် ချောင်းမကြီးဆည်ကို ငလိုက်တမံက ရေကိုချပေးပြီး စုပ်ယူသုံးစွဲတာမို့ စိုက်ပျိုးရေးအပြင် မြို့ပြဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုလျက်ရှိပါတယ်”ဟု ပျဉ်းမနားခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် မိုးစပါးစိုက်ပျိုးရေကို ဇူလိုင် ၁၅ ရက်တွင်လည်းကောင်း၊ နွေစပါး/နွေသီးနှံ စိုက်ပျိုးရေကို ဆောင်းသီးနှံရိတ်သိမ်းအပြီး မတ် ၁၅ ရက်တွင်လည်းကောင်း ပေးဝေလျက်ရှိသည်။

ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ် နွေရာသီအတွက် စိုက်ပျိုးရေပေးဝေရာတွင် ဒေသခံတောင်သူတချို့၏ တောင်းဆိုမှုအရ ငလိုက်လက်ယာလက်တံ(၁)နှင့် လက်တံ(၄) အထက်ပိုင်း ရေသောက်ဧရိယာများကို တစ်လခန့်ကြိုတင်၍ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရေစတင်ပေးဝေခဲ့သည်။ ကျန်ရှိသော လက်တံ(၄) အောက်ပိုင်းနှင့် လက်တံ(၂)၊ လက်တံ(၅)၊ လက်တံ(၆)နှင့် လက်ဝဲလက်တံ (၁) နှင့် (၂) တူးမြောင်းများကို ပုံမှန်ရေပေးဝေရက်ဖြစ်သည့် ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ဆည်ရေစတင်ပေးဝေခဲ့သည်။

**ငလိုက်ရေလှောင်တမံကို ၁၉၈၆-၁၉၈၇ ခုနှစ်တွင် တည်ဆောက်ပြီးစီး**

တောင်သူများအတွက် စိုက်ပျိုးရေအကျိုးပြုပေးဝေနေသည့် ငလိုက်ရေလှောင်တမံကို ၁၉၈၆-၁၉၈၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ရေလှောင်တမံအတွင်း နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၈၁၂၃၉ ဧကပေနှင့် ရေလှောင်ပမာဏ ဧကပေ ၇၅၀၀၀ ရှိသည်။ တမံမှထုတ်လွှတ်သည့်ရေကို တမံအောက်ဘက်ချောင်းအတိုင်း စီးဆင်းစေပြီး ၁၈ မိုင်အကွာရှိ ငလိုက်ရာဘာရေလွှဲဆည်ဖြင့် ပြန်လည်ထိန်းညှိကာ လက်ဝဲ/လက်ယာ တူးမြောင်းမကြီးမှ မိုးစပါးနှင့် နွေစပါး/နွေသီးနှံများကို နှစ်စဉ် ဆည်ရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက သိရသည်။

**“ဆည်တာတမံတွေက တောင်သူတွေရဲ့ စိုက်ပျိုးရေးကို အကျိုးပြုနေတယ်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် တချို့နှစ်တွေမှာ ဆည်ရေအဝင်နည်းတာမျိုးရှိတယ်။ ဒါကြောင့် ဆည်ရေအသုံးပြုတဲ့ တောင်သူတွေအနေနဲ့ ဆည်ရေကို စနစ်တကျ သုံးတတ်အောင်၊ အလေ့အလွင့်မရှိစေအောင် ရေအသုံးချသူများအသင်း၊ ရေအသုံးချသူများအဖွဲ့တွေဖွဲ့စည်းပြီး စနစ်တကျ အသုံးပြုပါတယ်”**ဟု ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာအုပ်စုမှ တောင်သူ ဦးကျော်လွင်က ဆိုသည်။

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုလျော့နည်းလာပြီး ဆည်တာတမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းလာခြင်း၊ လျှပ်တစ်ပြက် မိုးကြီးပြီး ရေကြီးရေလျှံမှုများကြောင့် ဆည်တာတမံများပျက်စီးမှု ဖြစ်ပေါ်ခြင်းတို့ကို ကျော်လွှားနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အစီအမံများရေးဆွဲကာ စနစ်တကျ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် တည်ဆောက်ပြီး နှစ်ကာလကြာမြင့်သည့် ဆည်ရေသောက်စနစ်များကို ဦးစားပေးအလိုက် အဆင့်မြှင့်တင်ခြင်း၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ချောင်းကော မြောင်းကော ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာနှင့် ရေငန်တားတာများ ကြံ့ခိုင်မှုရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ငလိုက်ဆည်ရေသောက်စနစ်အတွင်း တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး သီးထပ်သီးနှံများအား နှစ်စဉ် ရေပေးဝေလျက်ရှိခြင်းကြောင့် တူးမြောင်းစနစ်များတွင် ရေစီးရေလာကောင်းမွန်စေရန်နှင့် တူးမြောင်းအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို မိုးစပါးနှင့် နွေသီးနှံရေမပေးမီ ရေဖြတ်ကာလများအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။

ယခင်နှစ် နွေစပါးရေပေးရာသီတွင် မန္တလေးငလျင်ကြီးကြောင့် ငလိုက်တူးမြောင်းစနစ်အချို့ ထိခိုက် ပျက်စီးခဲ့သော်လည်း နွေစပါးနွေသီးနှံ အချိန်မီစိုက်ပျိုးပြီးစီးနိုင်ရန် ယာယီပြုပြင်မှုများပြုလုပ်ပြီး စိုက်ပျိုးတောင်သူများအတွက် အချိန်မီဆည်ရေပေးဝေနိုင်ခဲ့သဖြင့် စိုက်ပျိုးပြီး နွေစပါးနှင့် သီးနှံများထိခိုက်ပျက်စီးမှုမှ ကာကွယ်နိုင်ခဲ့သည်။ ယခုအခါ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက သိရသည်။

“ရေသောက်စနစ်အတွင်းက တောင်သူတွေအတွက် အင်မတန်အဖိုးတန်တဲ့ဆည်ရေကို စနစ်တကျ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ဖို့ အသိပညာပေးခြင်း၊ ရေယူမယ့်အစီအစဉ်တွေနဲ့ ပတ်သက်ပြီး Knowledge Centre တွေမှာ မြို့နယ်စိုက်/ညှိအဖွဲ့တွေနဲ့ တောင်သူတွေ တွေ့ဆုံဆွေးနွေးပွဲတွေ ဆောင်ရွက်ခဲ့တယ်။ ဆည်တမံကြံ့ခိုင်ရေးအတွက် ပုံမှန်စစ်ဆေးမှုတွေအပြင် နှစ်ပတ်တစ်ကြိမ် အသေးစိတ် စစ်ဆေးတိုင်းတာခြင်းနဲ့ အသေးစားပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းတွေကို ပုံမှန်ဆောင်ရွက်နေပါတယ်။ ငလျင်လှုပ်ခတ်မှုလိုဖြစ်စဉ်တွေ ဖြစ်ပေါ်လာရင်လည်း တမံကိုယ်ထည်ထိခိုက်မှုရှိ၊ မရှိ ဘူမိရူပတိုင်းတာခြင်းမျိုးနဲ့ စစ်ဆေးပြီး ထိခိုက်မှုရှိခဲ့ရင် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ပြီးခဲ့တဲ့ မန္တလေးငလျင်ကြောင့် ငလိုက်ရေလှောင်တမံ ထိခိုက်မှုကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ခြင်းမရှိခဲ့ပါဘူး”ဟု လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားသည်။

ဆည်ရေပေးဝေရာတွင်အလှည့်ကျရေပေးဝေမှုစနစ်ဖြင့် ရေပေးဝေရေးစီမံချက်များရေးဆွဲ၍ တောင်သူများအား ထိရောက်စွာရေရယူအသုံးပြုပြီး နွေစပါး နှင့် နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဌာနက တူးမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်၊ မြက်၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ခြင်း၊ တောင်သူများအား လယ်ကြားမြောင်းများ ပြန်လည်ပြုပြင်စေခြင်း၊ ရေစတင်ပေးဝေမည့်ရက်များကို စိုက်ပျိုးမည့်ကာလမတိုင်မီကပင် အသိပေးဆိုင်းဘုတ်များဖြင့် နှိုးဆော်ခြင်း၊ တူးမြောင်းအလိုက် ဆက်သွယ်ရမည့် ဝန်ထမ်းအမည်နှင့် ဖုန်းနံပါတ်များ စိုက်ထူအသိပေး ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ တသွင်သွင်စီးနေသော ငလိုက်ဆည်ရေသည် စိုက်ပျိုးသီးနှံများကို ကောင်းစွာရှင်သန်ဖြစ်ထွန်းစေပြီး တောင်သူ့စီးပွား၊ ဒေသစီးပွား၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသည်။ ဆက်လက်၍လည်း ဌာနနှင့် ပြည်သူ၊ ဝန်ထမ်းနှင့် တောင်သူ စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်ရင်း ငလိုက်ဆည်ရေသောက်စနစ်အတွင်းရှိ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ၂၀၂၆ ခုနှစ် မေလအတွင်း (၁-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)-Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid(SL-50 Scential)၊ Aeroqual (Series-500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer- 1941150)၊ (Gas Analyzer-1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ် ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ် ရှိသောအမှုန် အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>–</td><td>–</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဖျာပုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေး

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ မီးလောင်မှုမဖြစ်ပွားစေရန် မီးဘေးလုံခြုံရေး စစ်ဆေး/အကြံပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ရွှေလင်ပန်းစက်မှုဇုန်အတွင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စက်ရုံတွင် တပ်ဆင်ထားသော Firefighting Systems များအလိုအလျှောက် မီးငြိမ်းသတ်နိုင်မှု ရှိ၊ မရှိ၊ စက်ရုံ/အလုပ်ရုံအတွင်း လေဝင်/လေထွက်စနစ်များ စီမံဆောင်ရွက်ထားမှုအခြေအနေ၊ စက်ရုံရှိ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားလာပါက အနီးဆုံးမီးငြိမ်းသတ်ရေးပစ္စည်းများကို အသုံးပြု၍ အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရေး ရှိ၊ မရှိနှင့် 191 Report Myanmar Application အား စက်ရုံရှိ ဝန်ထမ်းများအားလုံးသုံးစွဲရေးတို့ကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းထွဋ်ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်နိုင်ဖြိုးတို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

☆ **ONE Friday မှ**

ပွဲဦးထွက်အဖြစ် ထိုင်းဖိုက်တာ မာအီဆူယန်နှင့် ထိုးသတ်ခဲ့သည်။ အောင်ထွန်းဘိုအတွက် နစ်နာသည့်ပွဲဖြစ်ပြီး ဒုတိယအချီ တစ်မိနစ်လောက်အထိ လက်ရည်အသာဖြင့် ထိုးသတ်ပြီး ပြိုင်ဘက်ကစားသမားအမှတ်စဉ် နှစ်ကြိမ်အထိ ရေတွက်ခံရသော်လည်း ဒုတိယအချီပြီးဆုံးရန် လက်ကျန်နှစ်မိနစ်အတွင်း ပြိုင်ဘက်၏ ဖိအားပေးခြင်းခံရကာ အလဲထိုးဖြင့် အရေးနိမ့်ခဲ့သည်။ အောင်ထွန်းဘိုသည် ဒုတိယအကြိမ် အမှတ်စဉ် ရေတွက်ခံရပြီးချိန်တွင် ပွဲသိမ်းနိုင်ရန် လိုက်ဖိထိုးသော်လည်း ပြိုင်ဘက်၏ လက်သီးချက်များ၊ ဒူးတိုက်ချက်များမိကာ ပြိုဆင်းသွားပြီး ၂ မိနစ် ၅၀ စက္ကန့်တွင် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-onefc**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ပထမပြန်စာသင်သားသီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း၊ လင်းမနောဟရစာသင်တိုက်တွင် ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၃)ရက်၊ ၂-၇-၂၀၂၆ မှစ၍ စာချဆရာတော်များက အခြေပြုတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းစာဝါများကို ပို့ချပါမည်။ စာပေသင်ကြား၊ စာမေးပွဲဖြေဆိုလိုသော ဆရာလေး(သီလရှင်)များကို ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၀) ရက်၊ ၂၄-၆-၂၀၂၆ မှစ၍ လက်ခံပါမည်။ စာသင်စဉ် ဆွမ်းဆန်မရပ်ရဘဲ ချမ်းသာစွာ သင်ယူနိုင်ပါသည်။ (သင်တန်းမဟုတ်ပါ။)စာသင်သား ခေါ်ယူခြင်းသာဖြစ်ပါသည်။ အချိန်မီလာရောက်ရပါမည်။

**စုံစမ်းရန်- ဒေါ်အညေသီ**
**ဖုန်း-၀၉-၅၁၉၃၈၈၆**
**ဒေါ်ပညာစာရီ**
**ဖုန်း-၀၉-၄၂၁၁၁၈၆၉၈**

## "အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီး(အကြီးစား)စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ ခြံအမှတ်(၂၊ ၃)၊ မြဝတီမင်းကြီးလမ်းနှင့် ကျန်စစ်သားရိပ်မွန်လမ်းထောင့်တွင်ရှိသော အုတ်တံတိုင်းသည် ယိုင်နဲ့ပြိုကျပျက်စီးလျက်ရှိပြီး ရေမြောင်းများအတွင်း ပိတ်ဆို့နေသည့်အတွက် စက်မှုဇုန်အတွင်း ရေစီးရေလာကောင်းမွန်စေရန်နှင့် ယင်းအနီးအနားတွင် သွားလာနေကြသော အများပြည်သူနှင့် လုပ်သားများအတွက် အသက်အန္တရာယ် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိနေပါသဖြင့် အဆိုပါ အုတ်တံတိုင်းအား စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ ၂၀၂၆ ခုနှစ်၊ မေလအတွင်း အပြီးတိုင် ဖြိုဖျက်ဖယ်ရှားသွားမည်ဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာမြေကွက်ပိုင်ရှင်အနေဖြင့် ကြေညာချက်ထုတ်ပြန်သည့်ရက်မှစ၍ (၇)ရက်အတွင်း စက်မှုဇုန်ကော်မတီရုံးသို့ လာရောက်ဆက်သွယ်ကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ (၁/၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းဖြိုဖျက်မှုနှင့် ပတ်သက်သော ကုန်ကျစရိတ်အားလုံးကို မြေကွက်ပိုင်ရှင်မှ တာဝန်ယူကျခံရမည်ဖြစ်ပြီး ဖြိုဖျက်ရာမှထွက်ရှိလာသော ပစ္စည်းများကို (၇)ရက်အတွင်း လာရောက်ဖယ်ရှားခြင်းမရှိပါက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲကိစ္စရပ်များကို မြေကွက်ပိုင်ရှင်၏ တာဝန်ဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွာသာကြီး(အကြီးစား)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**
**09-880849231**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-A)၊ (၁၅၇)လမ်း၊ မြေကွက်အမှတ်(၃၇)၊ အကျယ်အဝန်း(၀.၀၂၉)ကေရှိ **ဦးဝီလျံဖြိုး [၁၂/ဗတထ(နိုင်)၀၄၃၃၅၁]**အမည်ပေါက် မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တာမွေမြို့နယ်(က+ဂ)ရပ်ကွက်၊ (၁၅၇)လမ်း၊ အမှတ်(၆၅)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အကျယ်အဝန်း (အလျား ၂၃ပေx အနံ ၄၈ပေ)ရှိ (၈)ထပ်ခွဲတိုက်သစ်(၁)လုံး၏ အကျိုးခံစားခွင့်နှင့် မြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ကိုယ်တိုင် သိရှိသဘောတူ၍ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့် ပေးအပ်ခြင်းခံထားရသူ ဦးမျိုးမင်းအောင်[၁၂/ဒဂမ(နိုင်)၀၁၁၉၃၁]က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးသိန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၉/၁၉)**
**အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉-ရပ်ကွက်၊ နွယ်သာကီအိမ်ရာနေ ဦးသန်းဇော်ဦး [၈/မကန(နိုင်)၂၃၁၀၂၃]နှင့် ဒေါ်သူဇာပပမိုး [၁၂/ဗဟန(နိုင်)၀၉၇၅၆၅] တို့သည် (၁၁-၅-၂၀၂၆)ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်တရားရုံး တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်းကတိစာချုပ်အား အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆို၍ တရားဝင်ပြတ်စဲပြီးဖြစ်သည့်အပြင် ထိုရက်တွင်ပင် လင်မယားနှစ်ဦး ပေါင်းသင်းစဉ်ဖြစ်ထွန်းခဲ့သည့် လက်ထပ်ပွားပစ္စည်းများကိုလည်း နှစ်ဦးသဘောတူ ခွဲဝေခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါ၍ တစ်ဦး၏ အရှုပ်အရှင်းကိစ္စရပ်များအား တစ်ဦးမှဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် မည်သို့မျှ သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာပပမိုး [၁၂/ဗဟန(နိုင်)၀၉၇၅၆၅]**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့အငှားအိမ်ရာများတွင် Infrastructure လုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်များသည် အောက်ဖော်ပြပါအတိုင်း တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက် | - (၁၈-၅-၂၀၂၆) မှ (၂၉-၅-၂၀၂၆) ရက်နေ့အထိ |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် | - (၁-၆-၂၀၂၆ ) ရက်နေ့၊ (၁၅:၀၀)နာရီအထိ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ ပထမထပ်၊ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်း မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၈၇၂၆၂၊ ၀၉-၆၉၉၉၉၈၈၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာကုန်းကျေးရွာ၊ ကွင်းအမှတ်-၁၁၈၉၊ ဝါးကလုံးအနောက်ကွင်း၊ ဦးပိုင်အမှတ်-N၃၀/၁၊ ဧရိယာ(၁.၀၀)ကေအကျယ်ရှိ မြေကွက်ကို မြေလုပ်ကိုင်သူ- ဦးမြစိုးသူက လုပ်ကိုင်ခွင့်ရရှိထားသောမြေကွက်ဖြစ်သည့်အပြင် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်တို့ကို ပိုင်ဆိုင်လျက်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမြစိုးသူ[၅/ဆလက(နိုင်)၀၄၀၀၆၅]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏထွန်းဦး [၉/ညဥန(နိုင်)၂၁၃၄၁၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ပြည့်ဖြိုးလွင်** | **ဒေါ်မိုးစန္ဒာ** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၂၀၅/၂၀၁၈)** | **(စဉ်-၅၂၉၆၅/၂၀၂၀)** |

**အမှတ် (၁၁၁၇-အေ)၊ ရွှေနှင်းဆီ(၅)လမ်း-ဘီ၊ (၅) ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၅၀၀၄၁၀၇၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကျောက်အိုင်ကျေးရွာ၊ ကွင်းအမှတ်(၉၈၂) ပဒဲကောမြောက်ကွင်း၊ ဦးပိုင်အမှတ်(၃၁)၊ G မြေအမျိုးအစား (ဥယျာဉ်ခြံမြေ)၊ ဧရိယာ(၂.၂၅)ကေရှိ ဦးစိန်မောင်အမည်ပေါက် မြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော Plan(A) ကျောက်စိမ်းလမ်းပေါ်ရှိ မြေကွက်အမှတ်(၇)၊ (၈)နှင့် ပတ္တမြားလမ်းပေါ်ရှိ မြေကွက်အမှတ်(၁၇)၊ (၁၈) ဧရိယာ(၄၀x၆၀)ပေစီရှိ စုစုပေါင်းမြေကွက်(၄)ကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်မျိုးအေး [၁၂/ကမန(နိုင်)၀၈၂၀၇၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်ရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နီနီဝင်း [၇/ကတခ(နိုင်)၀၀၁၆၄၃]မှ မြေကွက်တန်ဖိုး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နီနီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်အောင် LLB,W.I.P.O**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၆၈/၁၇)**
**၂၆-သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421009003**

## ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းရဲကျော်စွာ (၃)လမ်း၊ အမှတ်(၃၈၇)၊ ၃-လွှာ၊ (ခြေရင်းခန်း)နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထွေးမြင့် [၁၂/လမန(နိုင်)၁၇၆၃၅၆] ကိုင်ဆောင်သူသည် ကန်ထရိုက် ဒေါ်ခင်မေသက် [၁၀/မလမ (နိုင်)၂၃၈၆၃၃] ဂရိတ်အောင်မြင်သူဆောက်လုပ်ရေးမှ ဆောက်လုပ်လျက်ရှိသော တိုက်သစ်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ်(၃၈၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ကန်ထရိုက်တာ ဒေါ်ခင်မေသက် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် ၃-လွှာ(ခြေရင်းခန်း) တိုက်ခန်းအား (၂၀-၅-၂၀၂၅) ရက်နေ့တွင် [ဘီစီစီနှင့် လျှပ်စစ်မီတာရရှိသည့်နေ့တွင် ပေးသွင်းရမည့် ငွေကျပ်သိန်း(၄၀)အားချန်ပြီး] ငွေအကျေပေးချေ၍ အပြီးအပိုင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးထွေးမြင့်က အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားသည့် အထက်ပါတိုက်ခန်းကို ဦးထွေးမြင့်၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူကမျှ လွှဲပြောင်းခြင်း၊ ရောင်းချ ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၈၇၅၀၂၁၈၄၁**


## ရွှေမိုးကောင်းကွန်ဒို မှ အထူးပရိုမိုးရှင်း

(၂၅%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

**Condo Facilities**

- (24 Hour) Lift/Electricity/Security & CCTV
- Own Meter Sub Meter
- Fiber Internet System
- Swimming Pool & Gym
- Play Ground & Garden
- EV Car Station
- Grond Floor Area, Shopping Mall
- Sqft (1000) အထက်ကို ကားပါကင် (၁)စီးရာသက်ပန်အပိုင်ရရှိခွင့်
- Sqft (1000) အောက်ကို ကားပါကင် (၁)စီး (၅)နှစ် Free ရပ်နားခွင့်
- Water System, Overhead Tank & Underground Tank

ဆက်သွယ်ရန်ဖုန်း - ၀၉-၃၆၁၂၈၈၁၄၊ ၀၉-၂၅၄၀၃၄၈၇၃




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ဒေါ်နီလာခင် [၇/ညလပ(နိုင်)၀၀၁၄၀၁] (ဘ- ဦးတင်အောင်)အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသော- ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာ၊ သီရိမင်္ဂလာလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆/သမိုင်း)၊ မြေကွက်အမှတ်(၃၃/၈)၊ ဧရိယာ(၀.၁၁၄)ကေ၊ မြေကွက်အမှတ်(၃၄/က)၊ ဧရိယာ (၀.၁၃၀)ကေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ တောင်ဘက်ခြမ်း၊ (အလျား ၄၈ပေ/၁၅ပေxအနံ ၉၂ပေ/၁၀၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၄၃၂၃/၂၀၁၁) (၂၈- ၇-၂၀၁၁) နှင့် (၆၉၄၉ /၂၀၁၁) (၂-၁၁-၂၀၁၁)တို့အရ မိမိမှ အမည်ပေါက်ပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝေဝေအောင် (LL.B)** | **ဒေါ်နွယ်နွယ်စန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၉၆)** |

**အမှတ် -၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## (၂၈-၄-၂၀၂၆)ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၇) ပါ သက်ဆိုင်သူများ အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီတာလမ်း၊ အမှတ်(၆၀၃)တွင် နေထိုင်သူ ဒေါ်ခင်မြင့်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြင့်မြင့်နှင့် ဒေါ်ခင်မာစီတို့သည် (၁၄-၅-၂၀၂၆) နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်အရ မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေကွက်အမှတ်(၆၄)၊ (၁၀.၁၀)ကေ အကျိုးခံစားခွင့်အား ဦးသာနိုးနှင့် ဦးညွန့်သိန်းတို့ အကျိုးခံစားခွင့်ရရှိပြီး မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေကွက်အမှတ်(၆၅)၊ (၁၀. ၉၄)ကေအား ဒေါ်ခင်မာစီ အကျိုးခံစားခွင့်ရရှိကြောင်း အသီးသီးဝန်ခံကတိပြုပြီး ဖြစ်ပါသည်။

မြေကွက်အမှတ် (၆၅)အတွင်း ဧကဝက် (၀.၅၀)၏ တန်ဖိုးနှင့်ပတ်သက်၍လည်း အချင်းချင်း ညှိနှိုင်းအဆင်ပြေပြီးဖြစ်သည့်အတွက် (၂၈-၄-၂၀၂၆)ရက်နေ့တွင် သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြင့်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**နော်ဖောကမွီးဝါးဝါးစော (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၀/၁၅)**
**အမှတ်(၉)၊ မြိုင်သာယာလမ်း၊ တောင်သူကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၉၄၆၉၄၂၆၄**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလဖိုင်ခွန်ဆာ
### အသက်(၇၃)နှစ်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပဋ္ဌမ သတ်တမ်း (၂၀၁၈ မှ ၂၀၂၁ ထိ) ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော ဦးလဖိုင်ခွန်ဆာသည် ၁၄-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလဖိုင်ခွန်ဆာ
### အသက်(၇၃)နှစ်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပဋ္ဌမ သတ်တမ်း (၂၀၁၈ မှ ၂၀၂၁ ထိ) ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သော ဦးလဖိုင်ခွန်ဆာသည် ၁၄-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလဖိုင်ခွန်ဆာ
### အသက်(၇၃)နှစ်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပဋ္ဌမ သတ်တမ်း (၂၀၁၈ မှ ၂၀၂၁ ထိ) ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သော ဦးလဖိုင်ခွန်ဆာသည် ၁၄-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**မြန်မာသူရ ကျောက်မျက်ကုမ္ပဏီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလဖိုင်ခွန်ဆာ
### နာယက
### ရန်ကုန်တိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ နာယက၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ (၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဋ္ဌမသက်တမ်းကာလ အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ အသက် (၇၃)နှစ်သည် ၁၄-၅-၂၀၂၆ (ကြာသပတေးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ဘဝ တစ်ပါးသို့ ကူးပြောင်းသွားသည့်အတွက် ကျောက်မျက်ကဏ္ဍနှင့် ကျောက်မျက် လောကသားများ၏ ကြီးမားသည့်ဆုံးရှုံးမှုဖြစ်ပြီး အထူးပင် ဝမ်းနည်းကြေကွဲရ ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၃)၊ ဦးပိုင်အမှတ်(၉.က+၉.င+၉.စ+၉.ဆ)အတွင်းမှ (၉.က+ ၉.င+ ၉.စ)ခဲစင်း၊ ၈၅(E)လမ်း၊ ၃၂x၃၃ လမ်းကြားရှိ ဦးအောင်ကြည်၊ ဒေါ်ကြည် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၄၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ရီရီ၊ ဒေါ်ရီရီစန်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်ဆွေအေး၊ ဦးဝင်းသန်း၊ ဦးတင်ကြွယ်၊ ဒေါ်မှုမှုခင်(ခ)မှုမှုတို့ (၇)ဦးအနက် ဒေါ်ရီရီ ပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၂၉/၂၀၂၅)ဖြင့် လက်ခံခဲ့သော ဒေါ်ရီရီစန်း၊ ဒေါ်ခင်ဆွေဝင်း၊ ဦးဝင်းသန်း၊ ဦးတင်ကြွယ်တို့ (၄)ဦးအနက် ဦးဝင်းသန်းထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၇၀၆/၂၀၂၅)ဖြင့် လက်ခံခဲ့သော ဒေါ်ရီရီစန်း [၉/မရမ(နိုင်)၀၁၇၅၄၁]၊ ဒေါ်ခင်ဆွေဝင်း [၉/မရမ(နိုင်)၀၁၄၅၆၄]၊ ဦးတင်ကြွယ် [၉/မရမ (နိုင်) ၀၁၄၅၆၅]တို့က အမှုတွဲအမှတ်[၀၀၀၆/ဘခွဲ(ပြောင်း)/၂၀၂၆-၂၀၂၇] ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျေးဇူးတင်ရှိခြင်း
## ဒေါက်တာဝသန်မြတ်သင်း
### ကျောင်းအုပ်ကြီး ၊ အ.ထ.က(၂)ကမာရွတ်
### (အ.ထ.က(၁) မိုးညှင်း ၊ အ.ထ.က(၂) မရမ်းကုန်း )
### အသက် (၅၂) နှစ်

ရန်ကုန်မြို့ ၊ လှိုင်မြို့နယ် ၊ (၈)ရပ်ကွက် ၊ အမှတ်(၅၄) နေ ဦးမျိုးညွန့် ဥက္ကဋ္ဌ(ငြိမ်း) ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် ဒေါ်ငွေးရည် တို့၏သမီး၊ (ဦးစံသိန်း-ဒေါ်ခင်သိန်း) တို့၏ သမီးချွေးမ ၊ (ဦးဟေမာန်မြတ်သင်း )၏ ညီမ ၊ ဒေါက်တာနွေဟန်မြတ်သင်း ၏အစ်မ ၊ ဦးကျော်မင်းသိမ်း ၏ ချစ်လှစွာသောဇနီး၊ မောင်သော်ဇင်မြတ်သင်း ( First year – Law) (RC-2)၊ မပိုးပန်းချီမြတ်သင်း (Grade-6)၊ အ.ထ.က(၂) ကမာရွတ်တို့၏ ကျေးဇူးရှင်မိခင် ဒေါက်တာဝသန်မြတ်သင်း နေမကောင်းဖြစ်ချိန်မှစ၍ စေတနာဖြင့် ဆေးကုသပေးခဲ့ကြသော ဆရာဝန်ကြီးများ ၊ အစစအရာရာကူညီစောင့်ရှောက်ပေးခဲ့ပါသော Dr ဦးစိုးသိန်း နှင့် ဇနီး ဒေါ်ခင်ချိုအုန်း၊ လွမ်းသူပန်းခွေပေးပို့ပေးပါသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့်ဇနီး တို့အား လည်းကောင်း၊ ကွယ်လွန်ချိန်မှစ၍ ရက်လည်ဆွမ်းကပ်သည့်နေ့အထိ အဘက်ဘက်မှပြည့်စုံအောင် ကူညီပေးကြပါသော ပညာရေးဌာနမှအကြီးအကဲများ ၊ သူငယ်ချင်းကျောင်းအုပ်ကြီးများ ၊ အ.ထ.က(၂)ကမာရွတ်မှ ဆရာ/မများ ၊ မိဘဆရာအသင်း ၊ ကျောင်းအကျိုးဆောင်အဖွဲ့ ၊ မိဘများနှင့် ကျောင်းသား ၊ ကျောင်းသူများ ၊ ရပ်နီးရပ်ဝေး မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ပေးကြသူများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဒေါက်တာ ဦးကြီးမြင့်
### M.B.B.S(Rn) – 1966၊ D.P & T.M (Rgn) – 1970
### အရိုးရောဂါအထူးကုဆေးရုံအုပ်ကြီး(ရန်ကုန်-ငြိမ်း)
### အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့နေ (ဦးကြီးဟော်-ဒေါ်ကေသီ)တို့၏ သားကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ (ဦးချစ်ဖေ-ဒေါ်စောရင်)တို့၏ သားသမက်၊ ဒေါ်တင်မြ၊ (ဦးထွန်းလင်း-ဒေါ်စန်းစန်းမြင့်)၊ ဒေါ်ရန်ကြူး၊ (ဦးမြင့်လွင်)-ဒေါ်ခင်မြင့်၊ ဦးငွေးလွင်တို့၏ အစ်ကိုကြီး၊ (ဒေါ်ခင်စောလင်း)၏ ခင်ပွန်း၊ ဒေါက်တာဝင်းမြင့်အောင် – ဒေါက်တာမြင့်မြတ်သွေး၊ (ကောင်းမြတ်သွေး)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တူ/တူမ လေးယောက်တို့၏ ဦးလေး၊ Carrie ချစ်သူန္တရီအောင်၊ Wyatt လင်းထက်အောင်တို့၏အဘိုး ဒေါက်တာ ဦးကြီးမြင့် (ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံအုပ်ကြီး-ငြိမ်း) အသက်(၈၅) နှစ်သည် ၁၃-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၅ နာရီတွင် အမေရိကန်နိုင်ငံ Pontevedra Beach ၌ ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို Pontevedra Valley သုသာန်၌ ၁၇-၅-၂၀၂၆ (တနင်္ဂနွေနေ့)တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ရာဇဓိရာဇ်လမ်း၊ တိုက်အမှတ် (၄၇၂/က+ခ)၊ **၁။ ဦးတင်ထွဋ်+ ၂။ ဦးကျော်ကျော်**တို့ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ (၄၀x၆၀)ပေရှိ မြေပေါ်တွင် ဆောက်လုပ်နေသော Lift ပါ (၂)ခန်းတွဲ (၈ ½)ထပ် RC အဆောက်အအုံမှ ကန်ထရိုက်တာ ဦးလှဝင်း [၁၂/ဗဟန(နိုင်) ၀၈၉၈၁၇] အကျိုးခံစားခွင့်ရှိသည့် တတိယထပ်(၄လွှာ)၊ (ခေါင်းရင်းခြမ်း)၊ အခန်းအကျယ်အဝန်း (၁၉x၅၄)ပေ၊ အမြင့် (၁၀)ပေရှိ ကွန်ဒိုတိုက်ခန်းအား အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိသူ **ဒေါ်ရှောက်စန်း(ခ)ဒေါ်အေးစိန် [၁၃/သနန(နိုင် )၀၀၁၇၇၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သီတာအောင် [၁၂/ဥကတ (နိုင်) ၁၂၃၇၈၅]က (၉-၅-၂၀၂၆)ရက်စွဲဖြင့် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်"**ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြေညာပါသည့်နေ့မှ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သီတာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုသိင်္ဂီအောင် (LL.B, D.I.P.L, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၉၀၉)**
**၀၉-၂၅၀၀၅၁၆၈၅၊ ၀၉-၇၉၅၄၂၉၆၂၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ မြေကွက်အမှတ် (၃၂၃)၊ ဧရိယာ (၀.၀၅၆)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၅- ရပ်ကွက်၊ ရွှေနှင်းဆီ(၅)လမ်း၊ အမှတ် (၁၂)ဟုခေါ်တွင်သည့် မြေအိမ် အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ မြေကွက်နှင့်အိမ်ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်အေးမျက်ချယ် [၁၂/သဃက (နိုင်) ၁၈၃၀၉၁]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နေအိမ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နေအိမ်အရောင်းအဝယ်၏ပိုင်ဆိုင်မှု ရောင်းချခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့်အိမ် အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅) LL.B,DBL,DML,DIL,DLP**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L.**
**ဦးရဲမြင့်ထွန်း LL.B (စဉ်- ၂၀၂၃၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP: 09-5017044, 09-250674940**

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီအိမ်ရာ၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၃၀၂)ကို ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်ထံမှ ဦးငိုကျင်မန် [၁၂/ရကန(နိုင်) ၀၁၇၆၉၃] ၊ ဒေါ်လွယ်ခန်နွမ်း [၁၂/ရကန (နိုင်) ၀၁၈၃၃၀]နှင့် ဒေါ်လျာမန်ကျိန်ခိုင် [၁၂/ဥကတ(နိုင်) ၀၀၀၆၇၉] မိသားစု(၃)ဦး အမည်ဖြင့် ဝယ်ယူထားသည့်အခန်းဖြစ်ပြီး အဆိုပါအခန်းအား သမီးဖြစ်သူ ဒေါ်လျာမန်ကျိန်ခိုင် တစ်ဦးတည်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁/အနော်မာ၊ အနော်မာ (၁၁)လမ်းအနောက်၊ မြေကွက်အမှတ်-(၅၀၂/ခ)၊ မြေအကျယ်အဝန်း (၂၀' x ၆၀')၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်မှာ ဦးအောင်နိုင်ဦး (၁၂/ဒဂတ(နိုင်)၁၃၄ရ၁၄) နှင့် ဒေါ်ခင်သန္တာဝင်း (၁၂/ရကန (နိုင်)၀၈၁၅ရ၆) တို့၏အမည်ဖြင့် အမည်ပေါက်တည်ရှိပြီး ၄င်းတို့မှ အဆိုပါအိမ်မြေကို အရှုပ်အရှင်း ကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစိတ်တဒေသကို စရံငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း (၁၂/မဂတ (နိုင်)၀၀၈၀၁၈)
၏လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်စပါယ် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-ရ၄ရရ)
အမှတ်-၂၆၀၊ တတိယထပ်၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅၂၈၅၅၃၄ ၊ ၀၉ ၉ရ၁၅၅၂ရရ၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သယသုဒ္ဓိလမ်း၊ အမှတ်(၂၉)ဟု ခေါ်တွင်သည့် တိုက်အဆောက်အဦအနက်မှ (၈)လွှာရှိ အခန်းအမှတ်(၈-B)(တိုက်ရှေ့မှမျက်နှာမူကြည့်လျှင် ဝဲဘက်အခြမ်း)၊ အကျယ်အဝန်း (၁၂ ½ပေ x ပေ ၅၀)ရှိတိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်သောင်းသောင်းစီ [၇/သနပ(နိုင်)၀၆၂၃၁၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို(၁၂-၅-၂၀၂၆)ရက်နေ့တွင် ပေးချေထားပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၆၉၃/၂၀၁၇)**
**အမှတ်- ၈၃/၁၀ (ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-402698729**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ (၂)လမ်း၊ အမှတ်(၁၃၁)၊ (၂)ခန်းတွဲ၊ (၃ ½)ထပ်တိုက်ရှိ ဒုတိယထပ်(၄လွှာ)၊ ခေါင်းရင်းခန်း၊ (၁၀ ½ပေx၃၈ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်မို့မို့သွင် [၁၂/လမန(နိုင်)၀၄၂၂၄၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိင်္ဂီအောင် [၁၂/လမန(နိုင်)၁၂၁၂၉၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားနှင့်တကွလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်စုမွန် (LL.B, D.I.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၆၀၃)**
**အမှတ်(၁၃၉)၊ အောင်မေတ္တာ(၂)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၇၇၉၈၃၃၈**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၁၄၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့်အတူပါလာသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၁၅

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၁၃၃ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၁၄၆ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧဗယျာသီရိ ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ


အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက် စာမျက်နှာ ၁၄

မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကို ထပ်မံဖမ်းဆီးရမိ စာမျက်နှာ ၁၅



ငလိုက်ဆည်ရေဖြင့် စိုက်ပျိုးသီးနှံ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိစေမည် ဆောင်းပါး စာမျက်နှာ ၁၇


## ONE Friday Fights 154 & The Inner Circle ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ထွန်းမင်းနိုင် (ခ) ဆူလိုင်မန် အနိုင်ရပြီး အောင်ထွန်းဘို အရေးနိမ့်

ရန်ကုန် မေ ၁၅

ONE Friday Fights 154 & The Inner Circle ပြိုင်ပွဲကို မေ ၁၅ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ လုမ္ပနီအားကစားရုံ၌ ကျင်းပရာ မြန်မာဖိုက်တာများအနက် ထွန်းမင်းနိုင် (ခ) ဆူလိုင်မန် အနိုင်ရသော်လည်း အောင်ထွန်းဘို အရေးနိမ့်ခဲ့သည်။



ထွန်းမင်းနိုင်နှင့် မာတီနက် ယှဉ်ပြိုင်ထိုးသတ်စဉ်။

ထွန်းမင်းနိုင် (ခ) ဆူလိုင်မန်သည် စပိန် ဖိုက်တာ ဟွမ်မာတီနက်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ထွန်းမင်းနိုင်သည် ပုံစံကောင်းပြသနိုင်ခဲ့ပြီး အမှတ်ရနိုင်သည့် ထိုးသတ်မှုများပြုလုပ်နိုင်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။ ထွန်းမင်းနိုင်သည် ONE နှင့် ရှစ်ပွဲထိုးသတ်ရာတွင် ငါးပွဲမြောက် နိုင်ပွဲရခဲ့ပြီး နောက်ဆုံးနှစ်ပွဲ ဆက်တိုက်အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာဖိုက်တာ နောက်တစ်ဦးဖြစ်သည့် အောင်ထွန်းဘိုမှာမူ ONE နှင့် ပထမဆုံး

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ☆

## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒